mgyee.com
SAMPLE BOOK

# ခေတ်အဆက်ဆက် ရွေးကောက်ပွဲများသမိုင်း

နှင့်

## သတင်းစာဆောင်းပါးများ

**တင်နိုင်တိုး**

mgyoe.com SAMPLE BOOK

# ခေတ်အဆက်ဆက် ရေးကောက်ပံ့များ သမိုင်း

နှင့်

## သတင်းစာဆောင်းပါးများ

**တင်နိုင်တိုး**

နှစ်ကာလများ
စာအုပ်အစီအစဉ်
၁၅၈

TAB-Books & Arts
649159071
Price : 3000.00
ခေတ်အဆက်ဆက်ရေးကောက်ပံ့များသမိုင်း

mgyoe.com

SAMPLE BOOK

တန်ဖိုး– ၃၀၀၀ ကျပ်

mgyoe.com

mgyoe.com SAMPLE BOOK

နှစ်ကာလများ
စာအုပ်အစီအစဉ် ၁၅၈

ခေတ်အဆက်ဆက်

# ရွေးကောက်ပွဲများ သမိုင်းနှင့်
## သတင်းစာဆောင်းပါးများ

တင်နိုင်တိုး

**နှစ်ကာလများ**
အမှတ်-၁၀၄၊ အပေါ်ဆုံးထပ်(က)
အောင်ဇေယျလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉ ၂၅ ၄၈၄၈ ၀၄၈၊ ၀၉ ၇၃၀၂ ၇၆၆၉

mgyoe.com

mgyoe.com SAMPLE BOOK

**ပုံနှိပ်မှတ်တမ်း**
ခေတ်အဆက်ဆက် ရွေးကောက်ပွဲများသမိုင်းနှင့်
သတင်းစာဆောင်းပါးများ
တင်နိုင်တိုး
ပထမအကြိမ်၊ စက်တင်ဘာ၊ ၂၀၁၅။
အုပ်ရေ – ၅၀၀
တန်ဖိုး– ၃၀၀၀ ကျပ်
**ထုတ်ဝေသူ** – ဦးစိန်ဝင်း၊ နှစ်ကာလများ စာပေ (၀၀၇၄၄)၊ ၁၀၄၊ အပေါ်ဆုံးထပ် (က)၊ အောင်ဇေယျလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ **မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်** – ဦးဇော်မြင့်ဝင်း (၀၀၁၄၂)၊ ကာလာဇုန် ပုံနှိပ်တိုက်၊ ၁၈၄/ဘီ၊ ၃၁ လမ်း၊ ပန်းပဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ **မျက်နှာဖုံး** – ဘငွေးကြည်၊ **ကွန်ပျူတာစာစီ** – သရဖီ၊ **စာအုပ်ချုပ်** – ကိုမြင့်။

mgyoe.com

mgyoe.com SAMPLE BOOK

## မာတိကာ


၁။ ဒိုင်အာခီခေတ်အလွန် မြန်မာ့စာနယ်ဇင်းလောက – ၇

၂။ လန်ဒန်ရောက် အမေရိကန်နိုင်ငံဆိုင်ရာ
မြန်မာ့အလင်းသတင်းထောက် ဒိုရာသန်းအေး ... – ၁၄

၃။ ကိုလိုနီခေတ် တစ်ဦးတည်းသော မြန်မာလူမျိုး ဘုရင်ခံ
ဆာဂျေအေမောင်ကြီး၏ ကျမ်းသစ္စာကျိန်ဆိုပွဲ – ၂၁

၄။ သမိုင်းဝင် ဓာတ်ပုံကလေးတစ်ပုံ – ၃၄

၅။ ဗိုလ်ချုပ်အောင်ဆန်း မွေးနေ့တွင် ကျင်းပခဲ့သော
ပထမဆုံး ကမ္ဘာကလေးများနေ့ – ၄၁

၆။ ထူးထူးခြားခြား သခင်များ – ၄၈

၇။ နန်းရင်းဝန်နှင့် မျိုးချစ်စိတ်ဓာတ် – ၅၅

၈။ စစ်တမ်းမှ သန်းခေါင်စာရင်းသို့ – ၆၂

၉။ ဂျွန်ဆရာစံနှင့် သတင်းလောက – ၆၉

၁၀။ ဂျွန်ဦးစော၊ သခင်ဗစိန်၊ ဘကြီးဘဘောတို့နှင့်
အောင်ဆန်း–အက်တလီ စာချုပ်ကိစ္စ – ၇၆

၁၁။ ကိုလိုနီခေတ် မော်လမြိုင်ရောက် အထင်ကရ ပုဂ္ဂိုလ်များ – ၈၂

၁၂။ မြန်မာနိုင်ငံ အမျိုးသားပညာရေးအသင်းချုပ်မှ
ထုတ်ဝေသော အမျိုးသားပညာရေး မဂ္ဂဇင်း – ၈၈

၁၃။ ကိုလိုနီခေတ် စာအုပ်ကြော်ငြာများ – ၉၄

၁၄။ ကိုလိုနီခေတ် ဗြိတိသျှ စာရေးဆရာကြီး အိပ်ချ်ဂျီဝဲလ်စ်
ရန်ကုန်မြို့သို့ လာရောက်ခဲ့စဉ်က – ၁၀၀


mgyoe.com

mgyoe.com
SAMPLE BOOK


၁၅။ မှတ်တမ်းတင်ရမည့် ၁၉၈၈ ခုနှစ် မတ်လအတွင်းမှ
အဖြစ်အပျက်တချို့ – ၁၀၆
၁၆။ သမာသမတ်ကျသော တရားသူကြီး သို့မဟုတ် မြန်မာပြည်ကို
ချစ်မြတ်နိုးသည့် ဗြိတိသျှ စာရေးဆရာ – ၁၁၃
၁၇။ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဖက်ဆစ်ဂျပန် တော်လှန်ရေး – ၁၁၉
၁၈။ ခေတ်အဆက်ဆက် သန်းခေါင်စာရင်း – ၁၂၅
၁၉။ သွေးနှင့် ချွေးနှင့် ရင်းခဲ့ရသည့် ဗမာ့တပ်မတော်
ပေါ်ပေါက်လာပုံ – ၁၃၁
၂၀။ ခေတ်အဆက်ဆက် ဗမာ့တပ်မတော် – ၁၃၉
၂၁။ သခင်အောင်ဆန်းတို့ ဖမ်းဆီးခံခဲ့ရစဉ်က – ၁၄၈
၂၂။ ရှေးက သင်္ကြန် – ၁၅၄
၂၃။ သင်္ကြန်ပွဲတော် မှတ်တမ်းများ – ၁၆၁
၂၄။ နှစ် တစ်ရာပြည့် အိုးဝေ ဦးညိုမြ မွေးနေ့ – ၁၆၈
၂၅။ အနော်ရထာမင်း၏ အနှစ် တစ်ထောင်ပြည့် မွေးနေ့ – ၁၇၅
၂၆။ အစိုးရအဆက်ဆက်၏ သတင်းထောက်များအပေါ်
မတရားဖမ်းဆီးနှိပ်ကွပ် ထောင်ချမှု မှတ်တမ်းအချို့ – ၁၈၁
၂၇။ နှစ်ဆန်းတစ်ရက်နေ့ မှတ်တမ်းများ – ၁၈၈
၂၈။ ကိုလိုနီခေတ် ပန်းချီဦးဘဉာဏ်၏ ပန်းချီပြပွဲ – ၁၉၅
၂၉။ ရှေးခေတ် စာနယ်ဇင်းအမှတ်တံဆိပ်များ – ၂၀၂
၃၀။ စစ်သူကြီး မဟာဗန္ဓုလနှင့်
နှုတ်ခမ်းမွေး ရှိ၊ မရှိ ပြဿနာ – ၂၀၉
၃၁။ ဗိုလ်ချုပ်အောင်ဆန်း ကိုယ်တိုင် တက်ရောက်ခဲ့သော
မေဒေးနေ့ အခမ်းအနား – ၂၁၅
၃၂။ ကမ္ဘာ့အလုပ်သမားနေ့ ပေါ်ပေါက်လာပုံနှင့် ခေတ်အဆက်ဆက်
အခမ်းအနားကျင်းပခဲ့ပုံ မှတ်တမ်း – ၂၂၁
၃၃။ ရွေးကောက်ပွဲများ သမိုင်း – ၂၂၉
– ကျမ်းကိုးစာရင်း – ၂၆၈

mgyoe.com

m.gyoe.com SAMPLE BOOK



# ဒိုင်အာခီခေတ်အလွန် မြန်မာ့စာနယ်ဇင်းလောက

မြန်မာ့နိုင်ငံရေးသမိုင်းတွင် ပထမဆုံးသော ရွေးကောက်ပွဲကို ၂၁၊ နိုဝင်ဘာ၊ ၁၉၂၂ ၌ စတင်ကျင်းပကာ ဒိုင်အာခီ အုပ်ချုပ်ရေးစနစ်ကို စတင်ခဲ့သည်။ ယင်းစနစ်ဖြင့် ၁၄ နှစ်ကြာ အုပ်ချုပ်ခဲ့ပြီးနောက် ၉၁ ဌာန အုပ်ချုပ်ရေးသစ်ကို စတင်ပြောင်းလဲနိုင်ရန် ၉၊ နိုဝင်ဘာ၊ ၁၉၃၆ တွင် ရွေးကောက်ပွဲ ကျင်းပခဲ့သည်။ သို့ဖြင့် ၁၉၃၇ ခုနှစ်မှစ၍ အစိုးရပုံစံ အပြောင်းအလဲ ဖြစ်လာခဲ့သည်။

**နိုးကြားလာသောခေတ်**

ဒိုင်အာခီ အုပ်ချုပ်ရေးခေတ် စတင်စဉ်က ပြည်သူလူထုအနေဖြင့် နိုးကြားတက်ကြွမှု မရှိသေးသော်လည်း ၉၁ ဌာန အုပ်ချုပ်ရေးစနစ်သို့ ပြောင်းလဲရန် ပြင်ဆင်ချိန်တွင်မူ နိုးကြားတက်ကြွလျက် ရှိနေကြပြီ ဖြစ်ပါသည်။ နိုင်ငံရေးဦးဆောင်အဖွဲ့တစ်ခုဖြစ်သည့် တို့ဗမာအစည်းအရုံး၏ စည်းရုံးလှုံ့ဆော်မှုက အတိုင်းအတာတစ်ခုအထိ နိုးကြားလာစေခဲ့သည်။ တစ်ဖက်မှလည်း ထိုခေတ်ကာလ စာနယ်ဇင်းများ တာဝန်ကျေခဲ့ကြသည်ဟု ဆိုနိုင်ပါသည်။

m.gyoe.com

mgyoe.com SAMPLE BOOK


**စာဖတ်ကြရန် အားပေးလှုံ့ဆော်မှု**

စာနယ်ဇင်းများက မြန်မာပြည်သူလူထု အမြင်ကျယ်လာစေရေး အတွက် စာဖတ်ကြရန် အားပေးလှုံ့ဆော် တိုက်တွန်းခဲ့ကြသည်။ အယ်ဒီတာ မြို့မမောင်က 'မြန်မာ့လက်ရုံး မြန်မာ့အင်အားသည်ကား ယခုအခါ သတင်း စာ၊ ဂျာနယ်၊ မဂ္ဂဇင်းတို့တွင် တည်၏။ ၎င်းတို့ကို အားကိုးကြပါလေ။ မျိုးချစ် အပေါင်းတို့ အဆွေတို့ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းကို စုံအောင် ဖတ်ရှုကြ လော့'ဟု တိုက်တွန်းရေးသားခဲ့သည်။ ထို့ပြင် '၎င်းတို့ကို အားပေးကြပါ လေ၊ သို့မှသာ မြန်မာ့တိုးတက်ခြင်းသည် လျင်မြန်ပေလတ္တံ့၊ အောက်ပါ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းတို့သည် အဆွေတို့အား နေ့နှင့်အမျှ ပြုပြင် ပြောင်းလဲလျက် ရှိကြပေ၏။ အဆွေတို့အား ကျေးဇူးဖြစ်ထွန်းစေကြပေ၏' ဟူ၍ စာနယ်ဇင်းများကို ဖတ်ရှုကြရန် လှုံ့ဆော်ရေးသားခဲ့သည်။

**ဖတ်ရှုသင့်သော စာနယ်ဇင်းများ**

ထိုခေတ်ကာလထုတ် ဖတ်ရှုသင့်သော စာနယ်ဇင်းများအမည်ကို ဖော်ပြရာတွင် သတင်းစာများအဖြစ် မြန်မာ့အလင်း၊ သူရိယ၊ နယူးဘားမား၊ ဂျာနယ်များအဖြစ် ဒီးဒုတ်၊ ဗန္ဓုလ၊ ဘားမား၊ မဂ္ဂဇင်းများအဖြစ် တိုးတက်ရေး၊ ပြုပြင်ရေး၊ ကြီးပွားရေး၊ ဒဂုန်၊ နေရှင်နယ်တို့ကို ညွှန်းဆိုခဲ့သည်။

**မြန်မာ့အလင်းသတင်းစာ**

မြန်မာ့အလင်း သတင်းစာမှာ ထိုခေတ်က မြန်မာပြည် ထိပ်တန်း နေ့စဉ်သတင်းစာတစ်စောင်ဖြစ်ပြီး မြန်မာလူမျိုးပိုင် ကြီးကျယ်သော လုပ်ငန်းများစာရင်းတွင် ပါဝင်ပါသည်။ မန်နေဂျာမှာ ဦးတင်ဖြစ်ကာ အယ်ဒီတာများအဖြစ် လုပ်ရည်ကိုင်ရည်ရှိသော ဦးချစ်မောင်၊ ဦးစိန်တို့က ဦးစီးလုပ်ကိုင်ပါသည်။ ထိုစဉ်က သတင်းစာတိုက်မှာ ဆူးလေဘုရားလမ်း တွင် တည်ရှိခဲ့သည်။

**သူရိယသတင်းစာ**

မြန်မာကုမ္ပဏီလီမိတက်ပိုင် နေ့စဉ်သတင်းစာကြီးဖြစ်ပြီး ထိုခေတ်

mgyoe.com

mgyoe.com SAMPLE BOOK



ထိပ်တန်း သတင်းစာတစ်စောင် ဖြစ်သည်။ လုပ်ရည်ကိုင်ရည်ရှိပြီး ချီးမွမ်းဖွယ်ကောင်းသော သူရိယ ဦးဘကလေးနှင့် အယ်ဒီတာ အမ်ဖိုးချိန်တို့ ဦးစီး လုပ်ကိုင်ချိန် ဖြစ်ပါသည်။ သူရိယ သတင်းစာတိုက်က ထိုစဉ်က အနော်ရထာလမ်းတွင် တည်ရှိပါသည်။



မြန်မာ့အလင်းအယ်ဒီတာ ဦးချစ်မောင်

**နယူးဘားမားသတင်းစာ**

ထိုခေတ်ကာလက မြန်မာပိုင် အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသည့် တစ်စောင်တည်းသော သတင်းစာဖြစ်သည်။ ထိုစဉ်က တစ်ပတ်လျှင် ၃ ကြိမ်သာ ထုတ်ဝေနေရပြီး အယ်ဒီတာမှာ ဦးတင်မောင် ဖြစ်သည်။ နေ့စဉ်ထုတ်သတင်းစာ ဖြစ်လာစေရန် တိုင်းပြည်က အားပေးသင့်ကြောင်း အယ်ဒီတာ မြို့မမောင်က အကြံပြုထားပါသည်။ သတင်းစာတိုက်မှာ ရန်ကုန်မြို့၊ ပန်းဆိုးတန်း၌ တည်ရှိခဲ့သည်။

**ဒီးဒုတ်ဂျာနယ်**

မြန်မာပြည်တွင် မယိမ်းမယိုင် အရှည်ကြာဆုံးသော ဂျာနယ်ဖြစ်ပြီး တိုင်းပြည်ရေးရာ ကိစ္စများတွင် ရှုပ်ရှုပ်ချွံချွံရေးတတ်ကြောင်း ဆိုပါသည်။ ဦးစီးသူက ဒီးဒုတ်ဦးဘချို ဖြစ်သည်။ အလွန်မှန်ကန်သည့် ထင်မြင်ချက်နှင့် အကြံပေးချက်များကို အစဉ် ရေးသားဖော်ပြလေ့ရှိသည် ဆို၏။ ထိုစဉ်က ဒီးဒုတ်ဂျာနယ်တိုက်မှာ ရန်ကုန်မြို့၊ မောင်ဂိုမာရီလမ်း (နောင် ဗိုလ်ချုပ်အောင်ဆန်းလမ်း)တွင် တည်ရှိပါသည်။

**ဗန္ဓုလဂျာနယ်**

ဗန္ဓုလဂျာနယ်သည် ထိုစဉ်က အစိုးရက အာမခံငွေတောင်းသဖြင့် ရပ်စဲထားရရာမှ ပြန်လည်ထုတ်ဝေသော ဂျာနယ်ဖြစ်သည် ဆိုပါသည်။ သက်တမ်းရှည် ဂျာနယ်တစ်စောင်ဖြစ်ပြီး ဗန္ဓုလဦးစိန်က ကြီးမှူးပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK


တိုင်းရေးပြည်ရေးနှင့် ပတ်သက်၍ ပြောင်မြောက်သော အရေးအသားကြောင့် ထင်ရှားသောဂျာနယ်ဖြစ်သည် ဆို၏။ ဂျာနယ်တိုက်က ရန်ကုန်မြို့၊ ပန်းဆိုးတန်းတွင် တည်ရှိပါသည်။

**တိုးတက်ရေးမဂ္ဂဇင်း**

ဦးပကျိုင် ပိုင်ဆိုင်သော မဂ္ဂဇင်းဖြစ်ပြီး ခေတ်မီမဂ္ဂဇင်းတစ်စောင် ဖြစ်ကြောင်း၊ လူအများ၏ပါးစပ်ဖျား၌ တိုးတက်ရန် ပြောစပြုလာကြသည်မှာ ယင်းမဂ္ဂဇင်းကြောင့်ဖြစ်ကြောင်း၊ မဂ္ဂဇင်းပေါ်ထွက်လာပြီးနောက် မြန်မာအမျိုးသားများ မျက်စိပွင့်လာကြသဖြင့် အလွန်ကျေးဇူးတင်ဖွယ်ဖြစ်ကြောင်း ဆိုပါသည်။ ထိုစဉ်က မဂ္ဂဇင်းတိုက်မှာ ရန်ကုန်မြို့၊ ၃၇လမ်းတွင် တည်ရှိပါသည်။

**ပြုပြင်ရေးမဂ္ဂဇင်း**

တိုင်းပြည်ရေးကိစ္စ ရေးသားရာတွင် အလွန်ဖွဲ့သန်သော မဂ္ဂဇင်း ဖြစ်ကြောင်း၊ ယခင် တစ်လတစ်ကြိမ် ထုတ်ဝေရာမှ နှစ်ပတ်တစ်ကြိမ် ဖြစ်



တို့ဗမာအစည်းအရုံး နာယက သခင်ကိုယ်တော်မှိုင်းနှင့် ဥက္ကဋ္ဌတို့အား တရားဟောစင်မြင့်ထက်၌ တွေ့ရှိရစဉ်။

mgyoe.com

mgyoe.com
SAMPLE BOOK


လာသဖြင့် ဝမ်းမြောက်ဖွယ်ဖြစ်ကြောင်း၊ ထို့ပြင် စီစဉ်ထုတ်ဝေသူ သာယာဝတီ ဦးခင်မောင်အား ကျေးဇူးတင်ဖွယ်ဖြစ်ကြောင်း မြို့မမောင်က မှတ်ချက်ပြု၏။ ထိုစဉ်က ပြုပြင်ရေးမဂ္ဂဇင်းတိုက်သည် ရန်ကုန်မြို့၊ ၃၅ လမ်းအတွင်း တည်ရှိပါသည်။

**ကြီးပွားရေးမဂ္ဂဇင်း**

ကြီးပွားရေးမဂ္ဂဇင်းက ထိုခေတ်ကာလ သက်တမ်းရှည်မဂ္ဂဇင်း တစ်စောင် ဖြစ်ပါသည်။ အရေးအသား အလွန်ကောင်းသော မဂ္ဂဇင်းဖြစ်သည် ဆိုပါသည်။ အယ်ဒီတာမှာ မောင်မောင်ဇင် ဖြစ်သည်။ လူငယ်များ ကြီးပွားရေး ဟူသောစကား ပေါ်ပေါက်လာခဲ့သည်မှာ ယင်းမဂ္ဂဇင်း၏ ကျေးဇူးကြောင့် ဖြစ်သည် ဆိုပါသည်။ ကြီးပွားရေးမဂ္ဂဇင်းတိုက်သည် ရန်ကုန်မြို့၊ ၃၈ လမ်း၌ တည်ရှိပါသည်။

**ဒဂုန်မဂ္ဂဇင်း**

ဒဂုန်မဂ္ဂဇင်းက မြန်မာပြည်တွင် သက်တမ်းအရှည်ဆုံးမဂ္ဂဇင်း တစ်စောင် ဖြစ်သည် ဆို၏။ အယ်ဒီတာမှာ ဦးလှဖေ ဖြစ်ပါသည်။ ဒဂုံမဂ္ဂဇင်းတွင် လောကီ၊ လောကုတ္တရာ အကြောင်းအရာ စုံလင်လှပြီး မဂ္ဂဇင်းတိုက်မှာ ရန်ကုန်မြို့၊ ဆူးလေဘုရားလမ်းတွင် တည်ရှိပါသည်။

**နေရှင်နယ်မဂ္ဂဇင်း**

ခေတ်ပေါ်မဂ္ဂဇင်းများထဲတွင် အတော်အတန် အထက်တန်းကျကျ ပေါ်ထွက်လာခဲ့သော မဂ္ဂဇင်းဖြစ်သည် ဆို၏။ နေရှင်နယ်ဦးမြင့် ဦးစီးထုတ်ဝေပြီး တိုင်းပြည်စီးပွားရေး၊ ကြီးပွားရေးကို အခြေခံလျက် ရေးသားထုတ်ဝေခြင်းဖြစ်ရာ မြန်မာလူမျိုးတိုင်း ဖတ်ရှုသင့်ကြောင်း မှတ်ချက်ပြုကြသည်။ စာအုပ်တန်ဖိုးမှာ တစ်အုပ် ၄ ပဲဖြစ်ပြီး ရန်ကုန်မြို့၊ ဘားလမ်း (ယခု မဟာဗန္ဓုလပန်းခြံလမ်း)ရှိ နေရှင်နယ်မဂ္ဂဇင်းတိုက်မှ ထုတ်ဝေခြင်း ဖြစ်သည်။

ဒိုင်အာခီခေတ်လွန် ကာလတွင် ယင်းစာနယ်ဇင်းများကို ဖတ်ခြင်းဖြင့်

mgyoe.com

mgyoe.com SAMPLE BOOK


နိုင်ငံရေးအမြင်များ၊ အယူအဆများ တိုးတက်လာမည်ဖြစ်ကြောင်း ညွှန်းဆိုကြသည်။

**နိုင်ငံရေး**

အယ်ဒီတာ မြို့မမောင်က နိုင်ငံရေးနှင့်ပတ်သက်၍ သူ၏အမြင်ကို 'နိုင်ငံရေးဟာ လူထုနဲ့ ဆက်စပ်နေတယ်၊ အုပ်ချုပ်ရေးနဲ့ ဆက်စပ်နေတယ်၊ ပြင်ပဆက်ဆံရေးနဲ့ ဆက်စပ်နေတယ်၊ တစ်တိုင်းတစ်ပြည်လုံး ဆက်ဆံရေးနဲ့ ဆက်စပ်နေတယ်၊ တစ်တိုင်းလုံး တစ်ပြည်လုံး စီးပွားရေး၊ ပြင်ပနိုင်ငံတွေရဲ့ စီးပွားရေး၊ ပြည်တွင်းပြည်ပ လူမျိုးရေးတွေနဲ့ ဆက်စပ်နေတယ်။ ဒါကြောင့် ဘယ်ဒင်းဟာ လူအားလုံးနဲ့ဆိုင်တဲ့ နိုင်ငံရေး၊ ဘယ်ဒင်းဟာ ကိုယ်တို့လူမျိုးနဲ့ ဆိုင်တဲ့ နိုင်ငံရေး၊ ဘယ်ဒင်းဟာ ကိုယ်တို့လူမျိုးထဲက တစ်စုတစ်ခုသော လူစုလူဝေးဖြစ်တဲ့ ပါတီနဲ့ဆိုင်တဲ့ နိုင်ငံရေး၊ ဘယ်ဒင်းဟာ အုပ်ချုပ်တဲ့ လူမျိုးရဲ့ နိုင်ငံရေးဆိုတာကို ခွဲခြားပြီး သိရမယ်'ဟူ၍ တင်ပြခဲ့သည်။

**စာနယ်ဇင်းအယ်ဒီတာအဖွဲ့**

အိန္ဒိယနှင့် ခွဲရေး၊ တွဲရေးကိစ္စအတွက် တိုင်းပြည်အခြေအနေ ရှုပ်ထွေးလာချိန်တွင် စာနယ်ဇင်းအယ်ဒီတာများ စုပေါင်းကာ 'ရန်ကုန်မြို့လုံးဆိုင်ရာ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း အယ်ဒီတာအဖွဲ့'ကို ဖွဲ့စည်းခဲ့သည်။ ယင်းအဖွဲ့တွင် ဦးစိန်(မြန်မာ့အလင်း)၊ ဦးဘချို(ဒီးဒုတ်)၊ ဦးထွန်းသန်း(ဘားမား)၊ ဦးစံသိန်း (ဈေးနှုန်း)၊ ဦးစိန်ညွှန့်နှင့် မောင်မြိုင် (ညနေ)၊ ဦးအောင်မြင် (ဆယ်သန်း)၊ ဦးဘရှိန်(ရဲသတင်းစာ)၊ သခင်တင်မောင်(ဒေါင်းသတင်းစဉ်)၊ ဦးစိန်(တိုးတက်ရေး)၊ ဦးချစ်မောင် (မြန်မာ့အလင်း)၊ ဦးလှဖေ(ဒဂုန်)၊ ဦးခင်မောင်(ပြုပြင်ရေး)တို့ ပါဝင်ခဲ့ကြသည်။ သို့သော် ဂျူဗလီဦးစော၏ သူရိယသတင်းစာတိုက်မှမူ ပါဝင်ခဲ့ခြင်း မရှိပေ။

**သူရိယမှ သတင်းတစ်ပုဒ်**

သူရိယသည် ထိုစဉ်က ပြည်သူအများ အလေးထားရာ တို့ဗမာအစည်းအရုံး၏ မကောင်းသတင်းဟူသမျှကို ရှာဖွေ ထည့်သွင်းဖော်ပြနေချိန်

mgyoe.com

mgyoe.com SAMPLE BOOK




သူရိယ

ရောင်ခြည်ထင်၍အထင်းပျောက်ခဲ့ပြီ

၁၃-၁၁-၄၉ နေ့ထုတ် သူရိယသတင်းစာ

ဖြစ်ပါသည်။ သူရိယသတင်းစာ(၁၃-၃-၁၉၃၇) တွင် 'သုံးခွ သခင်တရားပွဲ ပုလင်းကျသည်ဆိုခြင်း' ခေါင်းစဉ်ဖြင့် 'ဟံသာဝတီ အရှေ့ပိုင်း ကြား ရွေးကောက်ပွဲတွင် ကိုယ့်မင်း ကိုယ့်ချင်း အဖွဲ့မှ ဆရာမှိုင်းကြီးနှင့်တကွ သခင် အမည်ခံသူတို့သည် မိမိတို့ သခင် အမတ်လောင်း သခင် သိန်းမောင် အတွက် သုံးခွသို့ ယခုလ ၉ ရက်နေ့က မဲတရား လာရောက်ဟောပြောကြ ကြောင်း၊ ဦးဥတ္တမ ကိုယ်တော်ကြီး ကြွရောက် ဟောပြောသော ဓမ္မာရုံကွင်းကြီးတွင် ယခုလ ၉ ရက်နေ့၊ ည ၈ နာရီအချိန် သခင်ကြာရင်က နူတ်ခွန်းဆက်စကား ပြောကြားနေခိုက် မှောင်ရိပ်မှ ပုလင်းတစ်လုံးသည် ဝှီးခနဲမြည်ကာ တရားဟောစင်မြင့်ကို လွန်ပြီး တရားနာနေသော အသက် ၁၃ နှစ်သမီးအရွယ်ရှိ မခွေးဆိုသူ သူငယ်မအား ထိမှန်သွားကြောင်း'ဟူ၍ ဖြစ်ပါသည်။

**ကျမ်းကိုး**

၁။ သတင်းစာဆရာနှင့် သူ၏သတင်းစာများ (မြို့မမောင်)

၂။ သူရိယသတင်းစာ (၁၃-၃-၃၇)

mgyoe.com

mgyoe.com
SAMPLE BOOK


# လန်ဒန်ရောက် အမေရိကန်နိုင်ငံဆိုင်ရာ မြန်မာ့အလင်းသတင်းထောက် ဒိုရာသန်းအေးခေါ် ဘိလပ်ပြန်သန်း

မြန်မာပြည် လွတ်လပ်ရေးမရရှိမီကာလက မြန်မာ့အလင်းသတင်းစာ သည် အလွန်လူကြိုက်များသည့် သတင်းစာတစ်စောင် ဖြစ်ပါသည်။ မြန်မာ့ အလင်း သတင်းစာကို ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် အားကိုးအားထား ပြုခဲ့သည်။

**အမေရိကန်အတွက် သတင်းထောက်**

လွတ်လပ်ရေးမရမီက မြန်မာ့အလင်းသတင်းစာ၏ သတင်းထောက် များသည် ပြည်တွင်း၌သာမက ပြည်ပတွင်ပါ ရှိခဲ့ကြောင်း သိရှိရပါသည်။ အမေရိကန်နိုင်ငံအတွက် မြန်မာ့အလင်း သတင်းထောက်မှာ နာမည်ကျော် အဆိုတော် ဒိုရာသန်းအေး ခေါ် ဘိလပ်ပြန်သန်း ဖြစ်ပါသည်။ ပြည်ပ မြန်မာ့ အလင်း သတင်းထောက်သည် အဆိုကျော် ဘိလပ်ပြန်သန်း ခေါ် အမျိုးသမီး တစ်ဦး ဖြစ်နေခြင်းကလည်း ထူးခြားလှပါသည်။

**စစ်ကြိုခေတ် အမျိုးသမီးသတင်းထောက်များ**

စစ်ကြိုခေတ်က သတင်းစာအချို့၏ ပြည်တွင်းသတင်းထောက်

mgyoe.com

mgyoe.com
SAMPLE BOOK




ပြည်ပ မြန်မာ့အလင်းသတင်းထောက်ဖြစ်ခဲ့သူ
ဒိုရာသန်းအေးခေါ် ဘီလပ်ပြန်သန်း

အချို့မှာ အမျိုးသမီးများဖြစ်ကြပါသည်။ ထိုခေတ်က မြန်မာ့အလင်း သတင်းစာအတွက် အမျိုးသမီး သတင်းထောက်များမှာ ဒေါ်ဖွားစိန် (ဘီးလင်း)၊ မငွေရှင်(တောင်ကြီး)၊ မအုန်းမြ(မိုးကောင်း)၊ မမကြီး(မော်လိုက်)တို့ ဖြစ်ကြသည်။ အရေးပေါ်သတင်းစာ သတင်းထောက်များထဲတွင် သခင်မ မခင်လှ၊ မြင်းခြံ မြသိဂီ၊ မိုင်းဆတ် ဒေါ်အုန်းတို့မှာ ထင်ရှားခဲ့ကြပြီး ဟံသာဝတီ သတင်းစာမှ သတင်းထောက် မစန်းစန်းမြင့်မှာလည်း ထင်ရှားခဲ့သည်။

## လန်ဒန်သို့ စေလွှတ်ခြင်း

ပြည်ပ မြန်မာ့အလင်းသတင်းထောက် ဒိုရာသန်းအေး အမေရိကန်မှ အင်္ဂလန်သို့ လာရောက်ခဲ့ရခြင်းမှာ အောင်ဆန်း–အက်တလီစာချုပ် လာရောက် ချုပ်ဆိုမည့် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော မြန်မာ ကိုယ်စားလှယ်အဖွဲ့ သတင်းကို ရယူရန်ဖြစ်ပါသည်။ ဤအကြောင်းနှင့်ပတ်သက်၍ (၇–၂–၁၉၄၇) ရက်စွဲပါ မြန်မာ့အလင်း သတင်းစာတွင် 'ဘီလပ်ဆွေးနွေးပွဲကျင်းပစဉ်က အမေရိကန်ပြည်အတွက် မြန်မာ့အလင်း သတင်းထောက် ဒိုရာသန်းအေးခေါ် ဒေါ်သန်းအေးမှာလည်း ဘီလပ်သို့ အမေရိကန်မှတစ်ဆင့် ရောက်ရှိနေကြောင်း၊ ယခုအခါ ဒိုရာသန်းအေးမှာ အနည်းငယ် အဝဖျက်နေ

mgyoe.com

mgyoe.com SAMPLE BOOK


သော်လည်း အလုဘက်တွင် ထူးခြားလျက်ပင် ရှိသည်ဟု သိရကြောင်း၊ ဒေါ်သန်းအေး ဘိလပ်သို့ ရောက်ရှိရသည့်ကိစ္စမှာ အင်္ဂလိပ်–ဗမာ ဆွေးနွေးပွဲအတွက် သတင်းနားထောင်ရန် အမေရိကန် နိုင်ငံခြားရေးဌာနမှ အရာရှိတစ်ဦးကို လွှတ်လိုက်ရာတွင် ဒေါ်သန်းအေးကိုလည်း အကူအညီ အရာရှိအနေဖြင့် အမေရိကအစိုးရက ရွေးချယ်၍ လွှတ်လိုက်ခြင်းဖြစ်သည်ဟု သိရှိရကြောင်း'ဟူ၍ ရေးသားဖော်ပြထားပါသည်။

**မြန်မာကိုယ်စားလှယ်များနှင့် တွေ့ဆုံခြင်း**

အမျိုးသမီးသတင်းထောက်အဖြစ် ရောက်ရှိလာခဲ့သူ ဒိုရာသန်းအေးသည် ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် မြန်မာကိုယ်စားလှယ်များနှင့် တွေ့ဆုံစဉ် မြန်မာပြည်အတွက် စေခိုင်းသမျှကို အမေရိကန်မှနေ၍ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း မျက်ရည်လည်လျက် ပြောကြားခဲ့သည် ဆိုသည်။ ဒိုရာသန်းအေးက သူ၏ ကတိစကားအတိုင်းပင် မြန်မာကိုယ်စားလှယ်အဖွဲ့လန်ဒန်တွင် ရှိနေစဉ်အတွင်း လိုအပ်သည်များကို တတ်နိုင်သမျှ အကူအညီပေးခဲ့ပါသည်။

**ဂီတပညာရှင်**

ဒိုရာသန်းအေးသည် ဂီတပညာရှင်တစ်ဦး ဖြစ်သည့်အားလျော်စွာ မြန်မာကိုယ်စားလှယ်များ မပြန်မီ တစ်နေ့တွင် ဒေါ်ချက်စတာဟိုတယ်၌ ညှော်ခံဖျော်ဖြေခဲ့သည်။ ဟိုတယ်တွင် ဗိုလ်ချုပ်၏အပါးတော်မြဲ ဗိုလ်ထွန်းလှက စန္ဒရားကို စမ်းသပ်တီးနေစဉ် ဒိုရာသန်းအေးအား မြန်မာသီချင်း ဆိုစေရာ စိန်ခြူးကြာညောင် ဘောလယ်ကို အသံနေအသံထားဖြင့် သီဆိုပြခဲ့ရာ ညှော်ပရိသတ်အားလုံး ဖန်ခွက်များကိုင်လျက် ငေးမောကြည့်ကြရသည် ဆိုသည်။ စိန်ခြူးကြာညောင် ဘောလယ်ကို ဘီဘီစီ အသံလွှင့်ဌာနမှ ဆရာဦးတင်မောင်က အင်္ဂလိပ်ဘာသာသို့ပြန်ဆို ရှင်းပြပါသည်။ သီချင်းဆုံး၍ လက်ခုပ်သံများမစဲမီ ပရိသတ်၏တောင်းဆိုချက်အရ 'မြပန်းခွေ'သီချင်းကို သီဆိုပြခဲ့ရသည်။ ထို့ပြင် 'ဟေဝန်နန်း၊ မိဖုရားစော၊ မိန်းမမြတ်' သီချင်းများကိုလည်း သီဆိုပြခဲ့သည်။

mgyoe.com

mgyoe.com SAMPLE BOOK



## ဗိုလ်ချုပ်၏ တောင်းဆိုချက်

ဗိုလ်ချုပ်အောင်ဆန်းက ဒိုရာသန်းအေးအား 'သက်ဝေ'သီချင်း သီဆိုပြရန် တောင်းဆိုခဲ့သည်။ ဒိုရာသန်းအေးက သူ့သီချင်းမဟုတ်ကြောင်း ရှင်းပြပြောဆိုသော်လည်း ဗိုလ်ချုပ် နားဆင်လိုသည်ဆို၍ သီဆိုပြခဲ့သည်။ ဗိုလ်ချုပ်သည် သက်ဝေသီချင်းကို နားသောတဆင်ရင်း 'ဓူဝံကြယ် မြေမှာခကြွေ' စာပိုဒ်အရောက်တွင် ကိုယ်တိုင်ဝင်ဆိုတော့သည်။ ဂီတကို အလွန်ချစ်မြတ်နိုးသော ဗိုလ်ချုပ်မှာ ဝမ်းမြောက်ပီတိ ဖြစ်သွားခဲ့သည်။

## စိတ်ခံစားချက်

ဗိုလ်ချုပ်အောင်ဆန်း၏ အပါးတော်မြဲ ဗိုလ်ထွန်းလှ၏မှတ်တမ်းကို အကိုးအကားပြုလျက် သတင်းစာဆရာ ဦးပုကလေး ရေးသားသော 'ငါတို့ဗိုလ်ချုပ် ဘာတွေလုပ်ခဲ့သလဲ' စာအုပ်တွင် ဒိုရာသန်းအေးနှင့်ပတ်သက်၍ 'ဒေါ်သန်းအေး သူ ကာလအတန်ကြာအောင် ဝေးနေခဲ့သော ဇမာပြည်ကို အနည်းငယ် လွမ်းဆွတ်ဟန်မတူ။ သူ၏အမူအရာမှာ လောကဓံတရား၏ အမျိုးစုံသောဖြစ်အင်ကို တွေ့ကြုံဖူးပြီးလျက် တုန်လှုပ်ခြင်း ကင်းမဲ့လှသော




ဒိုရာသန်းအေးနှင့်အဖွဲ့ သီချင်းသီဆို ဖျော်ဖြေနေစဉ်။

mgyoe.com

mgyoe.com SAMPLE BOOK





ဗိုလ်ချုပ်အောင်ဆန်းနှင့်မြန်မာကိုယ်စားလှယ်များ
မြန်မာပြည်သို့ ပြန်လည်ရောက်ရှိကြစဉ်။

အသွင်ကို ဆောင်နေလေသည်။ သူ၏စိတ်တွင်းမှာ ဘယ်လိုနေသည်ကို အသာကလေးဝင်၍ ချောင်းကြည့်လိုက်ရလျှင် အလွန်ကောင်းပေမည်'ဟု ရေးသားထားပါသည်။

## မြန်မာပြည်အခြေအနေ

ဒိုရာသန်းအေးမှာမူ မြန်မာပြည် အခြေအနေကို စိတ်ဝင်တစားဖြင့် တတွတ်တွတ် မေးမြန်းနေရာ အင်္ဂလန်ရောက် မြန်မာကိုယ်စားလှယ်အဖွဲ့ ကလည်း သူမေးမြန်းသမျှကို စိတ်ရှည်လက်ရှည် ဖြေကြားပေးကြသည် ဆိုသည်။ နောက်တစ်နေ့တွင် မြန်မာ ကိုယ်စားလှယ်အဖွဲ့ ပြန်တော့မည် ဖြစ်ကြောင်း နှုတ်ဆက်သောအခါ ဒိုရာသန်းအေးက မျက်ရည်ကျလာခဲ့ သည်။ သူလည်း ဧပြီလလောက် အရောက်ပြန်ခဲ့မည်ဟု ဆိုသည်။ ထို့နောက် ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည်အတွက် လက်ဆောင်ပစ္စည်းအချို့ကို ဝယ်ပေး ခဲ့သည်။

mgyoe.com

mgyoe.com
SAMPLE BOOK


## လန်ဒန်မှ ထွက်ခွာမည့်နေ့

ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ မြန်မာကိုယ်စားလှယ်အဖွဲ့ လန်ဒန်မှ ထွက်ခွာမည့်နေ့ အခြေအနေကို သတင်းစာမှ ရေးသားဖော်ပြရာတွင် 'မြန်မာ့အလင်း တိုက်သားများကိုလည်း နှုတ်ဆက်လိုက်ပါတယ်လို့ ကျေးဇူးပြုပေးပါ'ဟု လည်ချောင်းတွင် တစ်ဆို့၍ ကြေကွဲသံဖြင့် ပြောလိုက်ကြောင်း။ ကိုယ်စားလှယ်အဖွဲ့ လေယာဉ်ပျံပေါ်သို့ရောက်ပြီး ဒေါ်သန်းအေးလည်း ယောင်လည်လည်နှင့် လေယာဉ်ပျံပေါ်သို့ရောက်နေရာ ကိုယ်စားလှယ်အဖွဲ့မှ ဦးကျော်ငြိမ်းနှင့် ဗိုလ်ထွန်းလှတို့က ဒေါ်သန်းအေးအား နောက်ပြောင်ပြီး ဗမာပြည်ကို လိုက်ခဲ့ပေတော့ဟုဆိုကာ လေယာဉ်ပျံတံခါးကို ပိတ်ထားလိုက်၍ ဝိုင်းရယ်ကြသည့်အခါမှ ဒေါ်သန်းအေးသည် သတိရသည့်အမူအရာဖြင့် လေယာဉ်ပျံပေါ်မှ ဆင်းသွားကြောင်း၊ နောက် လေယာဉ်ပျံကြီးမှ ရဟတ်ကြီးတို့သည် တဝီဝီ မြည်စပြု၍ အပြင်လူနှင့် အတွင်းလူ စကားမပြောနိုင်သော်လည်း ဟန်အမူအရာဖြင့် လေယာဉ်ပျံပေါ်မှ လူများက လက်ကိုင်ပဝါပြရာ ဒေါ်သန်းအေးကလည်း မျက်ရည်သုတ်၍ ကျန်ရစ်ခဲ့ကြောင်း'ဟူ၍ ပါရှိပါသည်။

## ဘိလပ်ပြန်သန်း

ဒိုရာသန်းအေးခေါ် ဒေါ်သန်းအေးကို ၁၉၀၈ ခုနှစ်တွင် ဘက်ပ်တစ်ခရစ်ယာန်အသိုင်းအဝိုင်း၌ ဖွားမြင်ခဲ့သည် ဆိုပါသည်။ ရန်ကုန်တက္ကသိုလ်သို့ တက်ရောက်ခဲ့ပြီးနောက် ဆရာဖြစ်သင်ကောလိပ်သို့ ဆက်လက် တက်ရောက်ကာ ကျောင်းဆရာမအဖြစ် အမှုထမ်းခဲ့သည်ဆို၏။ ယခင်က အလုံကူရှင်ကျောင်း (ယခု အထက ၄၊ အလုံ) ကျောင်းဝင်းအတွင်း နေထိုင်ခဲ့သည်။ စန္ဒရားတီး ကျွမ်းကျင်ပြီး စိန့်ဂျွန်းကျောင်းတွင် ဆရာမ လုပ်နေရာမှ ကိုလံဘီယာဓာတ်ပြားတိုက် မန်နေဂျာ မစ္စတာကိသ်နှင့် အဆက်အသွယ်ရကာ ဓာတ်ပြားသွင်းဖြစ်ခဲ့သည်။ ဆရာရွှေတိုင်ညွန့်က ဒိုရာသန်းအေးအတွက် သီချင်းရေးပေးသည့်အခါ တပည့် စိန်မြမောင်က တယော သို့မဟုတ် ဘင်ဂျိုဖြင့် သီချင်းသွား တိုက်ပေးရသည် ဆိုသည်။

mgyoe.com

mgyoe.com SAMPLE BOOK


**ဗိုလ်ချုပ်နှစ်သက်သော အဆိုတော်**

ဒိုရာသန်းအေးသည် ဗိုလ်ချုပ်အောင်ဆန်း နှစ်သက်သည့် အဆိုတော်တစ်ဦး ဖြစ်သည်။ ဒိုရာသန်းအေး၏ 'လှေကလေးကို လှော်မည်၊ ဘေးမသန်းဘဲ အေးချမ်းတော့မည်' စသည့် စာသားများကို တစ်ခါတစ်ရံ ဗိုလ်ချုပ်တစ်ဦးတည်း သီဆိုနေတတ်သည် ဆို၏။ ဗိုလ်ချုပ်က 'ဒိုရာသန်းအေးက အသံကတော့ အတော်ကောင်းတယ်ကွ၊ ငါတော့ သူ့အသံရယ်၊ မေရှင့်အသံရယ် အကြိုက်ဆုံးပဲ'ဟူ၍ ဆိုဖူးပါသည်။

**ဘဝနိဂုံး**

ဒိုရာသန်းအေးသည် ဂျပန်ခေတ်တွင် မြန်မာပြည်မှ ထွက်ခွာသွားကာ အိန္ဒိယနိုင်ငံ အောလ်အိန္ဒိယ ရေဒီယိုသို့ သွားရောက်အမှုထမ်းခဲ့သည်။ ယင်းနောက် ကုလသမဂ္ဂ၌ နှစ်အတန်ကြာ အမှုထမ်းခဲ့ကာ ဩစတြေးလျ မှတ်တမ်းရုပ်ရှင် ဒါရိုက်တာတစ်ဦးနှင့် အိမ်ထောင်ကျခဲ့သည် ဆိုသည်။ ဒိုရာသန်းအေးခေါ် ဘိလပ်ပြန်သန်းသည် အသက် ၉၉ နှစ်အရွယ်၊ ၁၃၊ ဇူလိုင်၊ ၂၀၀၇ တွင် ကွယ်လွန်ခဲ့ပါသည်။

**ကျမ်းကိုး**

၁။ မြန်မာ့အလင်း သတင်းစာ(၇-၂- ၁၉၄၇)
၂။ ငါတို့ဗိုလ်ချုပ် ဘာတွေလုပ်ခဲ့သလဲ (သတင်းစာဆရာ ဦးပုကလေး)

mgyoe.com

mgyoe.com SAMPLE BOOK



# ကိုလိုနီခေတ် တစ်ဦးတည်းသော မြန်မာလူမျိုး ဘုရင်ခံ ဆာဂျေအေမောင်ကြီး၏ ကျမ်းသစ္စာကျိန်ဆိုပွဲ

ကိုလိုနီခေတ်တစ်လျှောက်တွင် မြန်မာနိုင်ငံ၌ အင်္ဂလိပ်လူမျိုး ဘုရင်ခံ အသီးသီးအုပ်ချုပ်ခဲ့ကြရာ ထူးထူးခြားခြား မြန်မာလူမျိုးတစ်ဦးလည်း ဘုရင်ခံ ဖြစ်ခဲ့ဖူးပါသည်။ ယင်း မြန်မာလူမျိုး ဘုရင်ခံအမည်မှာ ဆာဂျေအေမောင်ကြီး ဖြစ်သည်။ ဘုရင်ခံ ဆာဂျေအေ မောင်ကြီးသည် ၁၉၃၈ ခုနှစ်၊ ဩဂုတ်လတွင် ဘုရင်ခံအဖြစ် ခန့်အပ်ခြင်းခံခဲ့ရရာ ဩဂုတ်လ ၁၂ ရက်နေ့တွင် ကျမ်းသစ္စာ ကျိန်ဆိုခဲ့သည်။



မြန်မာလူမျိုး ဘုရင်ခံ ဆာဂျေအေမောင်ကြီး

## ကြိုတင်ပြင်ဆင်မှုများ

ဘုရင်ခံအဖြစ် ကျမ်းသစ္စာ ကျိန်ဆိုမည့်သူမှာ မြန်မာ

mgyoe.com

mgyoe.com SAMPLE BOOK



လူမျိုးတစ်ဦးဖြစ်သဖြင့် ရန်ကုန်မြို့သူမြို့သားအများက စိတ်ဝင်တစား ရှိခဲ့ကြသည်။ ဘုရင်ခံအား ရန်ကုန်မြို့ အတွင်းဝန်များရုံးကြီး၏ အလယ်ရှိ ဥပဒေပြုအဖွဲ့အစည်းခန်းတွင် ကျမ်းသစ္စာကျိန်ဆိုရန် ကြိုတင်စီစဉ်ထားသည့်အလျောက် မင်းခမ်းမင်းနားကို ကြည့်ရှုရန် ဘုရင်ခံကြွရောက်လာမည့်လမ်းမှ ကြိုတင် စောင့်ဆိုင်းနေကြလေသည်။ သို့သော် ထိုနေ့ နံနက်တွင် မိုးအနည်းငယ် ရွာသွန်းလိုက်သဖြင့် မူလ စီစဉ်ထားသည့်အတိုင်း လမ်းအသီးသီးတွင် မင်းခမ်းမင်းနားဖြင့် မကျင်းပနိုင်တော့ပေ။

**ဘုရင်ခံကြွရောက်လာခြင်း**

ဘုရင်ခံအဖြစ် အထူးဂေဇက်ဖြင့် ထုတ်ပြန် ခန့်အပ်ခြင်းခံရသူ ဆာရေဂျအေမောင်ကြီးသည် အစိုးရအိမ်တော်မှ ကျမ်းသစ္စာဆိုရမည့် ဌာနသို့ မော်တော်ကားဖြင့် မောင်းနှင် ကြွရောက်လာခဲ့သည်။ ဘုရင်ခံကား၏ရှေ့မှ အင်္ဂလိပ်ကပြား ဆပ်အင်စပက်တော်တစ်ဦးက မော်တော်ဆိုင်ကယ်ဖြင့် ရှေ့ပြေးအဖြစ် မောင်းနှင်လာပါသည်။ ဘုရင်ခံ ဆာရေဂျအေမောင်ကြီးသည် ဥပဒေပြု အဖွဲ့အစည်းခန်းသို့ မရောက်ရှိမီတွင် အတွင်းဝန်များရုံးခန်းမှ ခေါင်းပြူကြည့်ရှုသူများ ရှိကြသကဲ့သို့ လမ်းဘေးဝဲယာတစ်လျှောက်တွင်လည်း မြန်မာလူမျိုး ဘုရင်ခံကို မြင်ဖူးလိုကြသဖြင့် တိုးဝှေ့ ကြည့်ရှုခဲ့ကြသည်။ ထို့ပြင် ရုပ်ရှင်ကုမ္ပဏီများ၊ သတင်းစာတိုက်များနှင့် ဓာတ်ပုံဆရာများကလည်း အဆင်သင့် စောင့်မျှော် မှတ်တမ်းတင်ကြသည်။

**အတွင်းဝန်များ ရုံးခန်းသို့**

ဘုရင်ခံ ဆာရေဂျအေမောင်ကြီးသည် အနောက်တိုင်းဝတ်စုံကို ဆင်မြန်းကာ မော်တော်ကားဖြင့် နေ့လယ် ၁၂ နာရီ မထိုးမီတွင် အတွင်းဝန်များရုံး ဥပဒေပြုအဖွဲ့အစည်းခန်း မြောက်ဘက်သို့ ဆိုက်ရောက်လာခဲ့သည်။ ထို့နောက် အင်္ဂလိပ်လူမျိုး ကိုယ်ရံတော် ဗိုလ်မှူးများခြံရံကာ အစည်းအဝေးခန်း အတွင်းသို့ ဝင်ရောက်သွားလေသည်။ ရုံးဝင်းအပြင်ဘက်မှ ကြည့်ရှုနေကြသူများအဖို့ မြင်ကွင်းမှာ ခပ်ရေးရေးမျှသာ ဖြစ်ပါသည်။ သို့သော် မကြာမီ ရုံးဝင်းပြင်ပရှိ မြို့နေလူထုအား ရုံးအတွင်းသို့ ဝင်ခွင့်ပြုခဲ့သည်။

mgyoe.com

mgyoe.com
SAMPLE BOOK


## မြန်မာများအတွက် သီးခြားစီစဉ်ခြင်း

ယခင်က ဘုရင်ခံ၏ ကျမ်းသစ္စာကျိန်ဆိုပွဲကို ဘုရင်ခံအိမ်တော်၌သာ ကျင်းပမြဲဖြစ်သည်။ ယခုတစ်ကြိမ်တွင်သာ မြန်မာများ စုဝေးရာအရပ်နှင့် နီးစပ်မှုရှိသော အတွင်းဝန်များရုံးကြီးအတွင်း ကျင်းပခဲ့ခြင်း ဖြစ်ပါသည်။ ယင်းသို့ကျင်းပခြင်းမှာ မြန်မာတို့အား နှစ်ထောင်းအားရ ဖြစ်စေလိုသော ကြောင့်ဟု မှတ်ယူခဲ့ကြသည်။

ကျမ်းသစ္စာ ကျိန်ဆိုရန် အခန်းတွင်းသို့ ဆာရေဂျအေ မောင်ကြီး ဝင်ရောက်သောအခါ ရှေ့ဆုံးမှ ဝန်ကြီး (ထိုခေတ်အခေါ် ဝန်ကြီးချုပ်)များ၊ တာဝန်ခံအမတ်များ၊ ကိုယ်ရံတော်ဗိုလ်မှူးများကို ထားလျက် ဝင်ရောက်ခဲ့သည်။ ဥပဒေပြုအဖွဲ့အစည်းခန်း၏ အရှေ့တောင်ဘက်တွင် ပန်းချာပီ စစ်တပ်များ ချထားသည်ကပင် လာရောက်ကြည့်ရှုကြသူ ပရိသတ်အတွက် အထူးအဆန်းသဖွယ် ဖြစ်နေပါသည်။

## ကျမ်းသစ္စာကျိန်ဆိုခြင်း

ဘုရင်ခံ ဆာရေဂျအေမောင်ကြီးသည် အခြွေအရံများနှင့်တကွ ကမ္ဘလာ အနီရောင် ခင်းထားသည့် လမ်းတစ်လျှောက် လျှောက်ကာ အခမ်းအနား သဘင် ကျင်းပမည့်နေရာသို့ ဝင်ရောက်လာခဲ့သည်။ ထိုစဉ် အခန်းတွင်းသို့



ဆာရေဂျအေမောင်ကြီး စီးလေ့ရှိသော မော်တော်ကား။

mgyoe.com

mgyoe.com SAMPLE BOOK


ရောက်ရှိနေကြသူ လူကြီးလူကောင်းများက ရှိသေသမှုဖြင့် မတ်တတ်ရပ် အရိုအသေပြုကြပါသည်။ ထို့နောက် တရားဝန်ကြီးချုပ်က ဆာဂျေအေမောင်ကြီးအား ကျမ်းသစ္စာ ကျိန်ဆိုစေခဲ့သည်။

**အမြောက်ပစ်ဖောက် ဂုဏ်ပြုပုံ**

ကျမ်းသစ္စာ ကျိန်ဆိုပြီးသည်နှင့် အမြောက် ၁၇ ချက် ပစ်ဖောက်ကာ အင်္ဂလိပ်တပ်က ဘင်ခရာဖြင့် တီးမှုတ်ပါသည်။ ထို့နောက် ဘုရင်ခံ ဆာဂျေအေမောင်ကြီးက တစ်ဖန် ပြည်ထဲရေးဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခြင်း ခံရသော မစ္စတာတီကူးပါးကို ကျမ်းသစ္စာ ပြုစေလိုက်ပါသည်။ ဘုရင်ခံ ဆာဂျေအေမောင်ကြီး ကျမ်းသစ္စာကျိန်ဆိုပြီးချိန်တွင် ဂုဏ်ပြုအမြောက်ကို မလှမ်းမကမ်းရှိ စိန်ပေါလ်ကျောင်း (ယခု ဗိုလ်တထောင်၊ အထက ၆) ကျောင်းဝင်းအတွင်းမှ ပစ်ဖောက်ခဲ့ခြင်းဖြစ်သည်။

**စစ်တပ်များကို စစ်ဆေးခြင်း**

ဘုရင်ခံ ဆာဂျေအေမောင်ကြီးသည် ကျမ်းသစ္စာကျိန်ဆိုပွဲ အခမ်းအနား ပြီးစီးသွားပြီးနောက် အစည်းအဝေးခန်းမအတွင်းမှ အပြင်ဘက်သို့ ထွက်လာကာ ကိုယ်ရံတော်ဗိုလ်မှူးများ ခြံရံလျက် စစ်တပ်ကို စစ်ဆေးခဲ့သည်။ ထိုစဉ် သတင်းထောက်များ၊ ဓာတ်ပုံဆရာများက အလုအယက် ဓာတ်ပုံရိုက်ကြသည်။ ရုပ်ရှင်ကုမ္ပဏီအချို့ကလည်း မှတ်တမ်းတင်ရုပ်ရှင် ရိုက်ကူးကြသည်။ စစ်တပ်ကို လိုက်လံစစ်ဆေးသောအခါတွင်မှ ရန်ကုန်မြို့နေလူထုက အနောက်တိုင်းဝတ်စုံဝတ်ထားသော ဘုရင်ခံကို အနီးကပ် အသေအချာ မြင်ကြရတော့သည်။

**လက်ခုပ်သြဘာပေးကြပုံ**

အခမ်းအနားကို ကြည့်ရှုနေကြသည့် ရန်ကုန်မြို့နေ လူထုပရိသတ်သည် ဘုရင်ခံဆာဂျေအေမောင်ကြီးအား အနီးကပ်မြင်ကြရသည်နှင့် နှစ်ထောင်းအားရဖြစ်ကာ လက်ခုပ်သြဘာပေးကြသည်။ လူထုပရိသတ်မှာ မြန်မာလူမျိုးတစ်ဦး ဘုရင်ခံဖြစ်လာခဲ့ခြင်းအတွက် ဝမ်းမြောက်ဝမ်းသာ ရှိခဲ့

mgyoe.com

mgyoe.com SAMPLE BOOK


ကြသည်။ ဘုရင်ခံ ဆာချားလ်အင်းနစ်မှာ ယင်းနေ့ နံနက်၌ပင် အရွှန်းဒါး အမည်ရှိ သင်္ဘောဖြင့် အင်္ဂလန်သို့ ထွက်ခွာသွားခဲ့သည်။

**သူရိယသတင်းစာ၏ အရေးအသား**

ဘုရင်ခံ ဆာရေဂျအေမောင်ကြီး၏ ကျမ်းသစ္စာ ကျိန်ဆိုပွဲအပေါ် ထိုခေတ်ကာလ ပြည်သူလူထု၏သဘောထားကို (၁၃–၈–၁၉၃၀) ရက်စွဲပါ သူရိယ သတင်းစာတွင် 'နိုင်ငံရေးသမားများတို့သည် ယခုအခါ မြန်မာများသည် အုပ်ချုပ်ရေး၏ အနှစ်မရ၊ အသွင်ရသည်ဟု ပြောဆိုလေ့ရှိကြသည့် အတိုင်း မြန်မာလူမျိုး ဘုရင်ခံကို အင်္ဂလိပ်အုပ်ချုပ်သော နည်းစနစ်အရ ခန့်အပ်လိုက်သည်ကို မျက်ဝါးထင်ထင်တွေ့ကြရသော အသွင်မျှကို မြင်ရရုံ နှင့်သော် တို့မြန်မာဟူ၍ အောက်မေ့ကာ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြသည်ကို မြင်ရသည့်အခါ တကယ်စစ်စစ် အနှစ်တည်းဟူသော လွတ်လပ်ရေးကို ရကြသည့်အခါ အဘယ်မျှ ဝမ်းမြောက်ဝမ်းသာကြမည်ကား တွေးတော၍ပင် မဆုံးတော့တကားဟု အောက်မေ့ကြရကြောင်း' ဟူ၍ ရေးသားဖော်ပြခဲ့သည်။

**ပြောင်းလဲလာသော အခြေအနေ**

ဘုရင်ခံ ဆာရေဂျအေမောင်ကြီး ကျမ်းသစ္စာကျိန်ဆိုပြီး ရက်သတ္တတစ်ပတ်အကြာ ဩဂုတ်လ ၁၉ ရက်နေ့တွင် ဘုရင်ခံအိမ်တော်၌ ဥရောပပြန် ပန်းချီဆရာ ဦးဘညာဏ်၏ ပန်းချီကားပြပွဲကြီးကို ပထမအကြိမ်အဖြစ် ကျင်းပခဲ့သည်။ မြန်မာမှုကို အားပေးချီးမြှောက်သော မြန်မာလူမျိုး ဘုရင်ခံသစ်အပေါ် ပြည်သူလူထုက ဝမ်းမြောက်ဝမ်းသာ ရှိခဲ့ကြသည်။ သို့သော် မကြာမီ အခြေအနေများက ပြောင်းလဲလာခဲ့သည်။ သူရိယ သတင်းစာတိုက်မှာ အာမခံငွေ တစ်သောင်း အတောင်းခံရပြီး ဦးစိုးသိမ်း ဂျီစီဘီအေနှင့် အသင်းအဖွဲ့ပေါင်းများစွာမှာ အထူးဂေဇက်ဖြင့် မတရားသင်း အဖြစ် ကြေညာခံခဲ့ရသည်။

**တောင်သူလယ်သမားအရေးသို့**

ဘုရင်ခံသစ် ဆာရေဂျအေမောင်ကြီးသည် ကျမ်းသစ္စာကျိန်ဆိုပြီး

mgyoe.com

mgyoe.com SAMPLE BOOK




ဘုရင်ခံအိမ်တော်

မကြာမီ တိုင်းခန်းလှည့်လည်ရင်း သာယာဝတီ ဒိစကြိတ်ကောင်စီ ဧည့်ခံပွဲသို့ တက်ရောက်ခဲ့သည်။ ဒိစတြိတ်ကောင်စီ လူကြီးများက ဘုရင်ခံ လာရောက်စဉ် ဆက်သသော သြဘာစာ၌ နိုင်ငံပြည်သူတို့ ကြည်ဖြူစွာ မပေးလိုကြသည့် သဿမေဓနှင့် လူခွန်တော်ကို ဖျက်သိမ်းသင့်ကြောင်း အကြံပြုခဲ့ကြသည်။

ဘုရင်ခံ ဆာဂျေအေမောင်ကြီးက အစိုးရစစ်တပ်များက ကျေးရွာများကို နှိပ်စက်သည်ဟု အစိုးရအား တိုင်တန်းသော လျှောက်လွှာများကို ရကြောင်း၊ အခွန်တော် မပေးဘဲနေလျှင် ဤသို့ပင် ခံရလိမ့်မည်ဖြစ်ကြောင်း၊ သဿမေဓနှင့် လူခွန်တော်ကို အစိုးရက ဖျက်သိမ်းရန် မကြံရွယ်ကြောင်း စသည်ဖြင့် ပြန်ကြား ပြောဆိုခဲ့ပါသည်။ ဘုရင်ခံ၏ငြင်းဆိုချက်ကို ကြားသိရသည့် တောင်သူလယ်သမားများမှာ 'သေလျှင် မြေကြီး၊ ရှင်လျှင် ရွှေထီး' ဟူ၍ သဘောထားကာ အစိုးရအား တော်လှန်ပုန်ကန်ရန် ယတိပြတ် ဆုံးဖြတ်ခဲ့ကြတော့ရာ တောင်သူလယ်သမား အရေးတော်ပုံကြီး ပေါ်ပေါက်လာခဲ့တော့သည်။

**ကျမ်းကိုး**

၁။ မြန်မာနိုင်ငံတော်မှတ်တမ်း(စစ်ကိုင်းဟန်တင်)
၂။ မြန်မာ့နိုင်ငံရေးသမိုင်း(ဦးလေးမောင်)

mgyoe.com

mgyoe.com SAMPLE BOOK



# ဒုတိယကမ္ဘာစစ် မဖြစ်မီက ဗန္ဓုလဂျာနယ်

ဒုတိယကမ္ဘာစစ် မဖြစ်မီက မြန်မာ့စာနယ်ဇင်းလောကတွင် သက်တမ်း အရှည်ဆုံးနှင့် စောင်ရေအများဆုံး ထုတ်ဝေရောင်းချခဲ့ရသည့် ဂျာနယ်အဖြစ် ဗန္ဓုလဂျာနယ်ကို သတ်မှတ်ခဲ့ကြသည်။



ဗန္ဓုလဂျာနယ်ကို ဦးစီးထုတ်ဝေခဲ့သူ ဗန္ဓုလဦးစိန်

**နှစ်ပါးကြည်မှ ဗန္ဓုလသို့**

ဗန္ဓုလဂျာနယ်၏ မူလအစမှာ 'နှစ်ပါးကြည်'ဂျာနယ်ဖြစ်ပြီး ၂၂၊ ဇန်နဝါရီ ၁၉၂၁ တွင် စတင်ထုတ်ဝေခဲ့သည်။ ယောက်ျားပျိုနှင့် မိန်းမပျိုကလေးနှစ်ဦး ပုံစံအောက်တွင် ထိုခေတ်ကာလ မူအတိုင်း အင်္ဂလိပ်စာတန်းထိုးထားသော နှစ်ပါးကြည်ဂျာနယ်မှာ နယ်ချဲ့ ဆန့်ကျင်ရေးစိတ်ဓာတ် နိုးကြားတက်ကြွလာသော ဝံသာနုခေတ်တွင် ဝေဖန်ခံခဲ့ရသည်။

mgyoe.com

mgyoe.com SAMPLE BOOK


သို့ဖြင့် ဂျာနယ်တိုက်ပိုင်ရှင် ဦးစိန်က ဆရာကြီး သခင်ကိုယ်တော်မှိုင်းထံ ချဉ်းကပ်ကာ အကြံကောင်း ဉာဏ်ကောင်းများ တောင်းခံခဲ့သည်။ နိုင်ငံရေး စာစောင်အဖြစ် ပြောင်းလဲထုတ်ဝေမည်ဖြစ်၍ နှစ်ပါးကြည်အမည်မှာ ခြင်ထောင်သံပါနေသဖြင့် 'ဗန္ဓုလဂျာနယ်'ဟု အမည်ပြောင်းလဲ ခေါ်ဆိုရန် ဆရာကြီး သခင်ကိုယ်တော်မှိုင်းက အကြံဉာဏ်ပြုခဲ့သည်။

## ဗန္ဓုလဂျာနယ်

၂၇၊ ဧပြီ၊ ၁၉၂၁ တွင် နှစ်ပါးကြည်ဂျာနယ်တစ်ဖြစ်လဲ ဗန္ဓုလဂျာနယ် စတင်ပေါ်ထွက်လာခဲ့သည်။ ဗန္ဓုလအမည်နှင့်ပတ်သက်၍ 'ကျွန်ုပ်တို့ ဂျာနယ် ကြီးကို ဗန္ဓုလဟူသော အမည်သညာဖြင့် ထုတ်ဝေလာသည်မှာ ကုန်းဘောင် ရာဇဝင် ၁၁ ဆက်တွင် ဘကြီးတော်ဘုရားလက်ထက် တိုင်းပြည်နှင့် အမျိုး သားအတွက် အသက်ကိုစွန့်ခဲ့သော မဟာဗန္ဓုလ စစ်သူကြီး၏ကိုယ်စား အမည်သညာ မှတ်သားလျက် ရှပ်ရှပ်ချွံချွံ စွန့်စွန့်စားစားကြီး ထုတ်ဝေ ခဲ့သည်'ဟု ၁၁ နှစ်မြောက် ဂျာနယ်တွင် ရှင်းလင်းဖော်ပြခဲ့သည်။ ဂျာနယ် တန်ဖိုးမှာ ပထမ ၃ ပဲ၊ ထို့နောက် ၄ ပဲ ဖြစ်သွားပြီး နောင် ၃ ပဲဖြင့်သာ ဖြန့်ချိရောင်းချခဲ့သည်။

## ဗန္ဓုလဦးစိန်

ဗန္ဓုလဂျာနယ်ကို တည်ထောင်ခဲ့သူမှာ ဦးစိန် ဖြစ်သည်။ ဦးစိန်သည် အင်္ဂလိပ်စာ တတ်သူမဟုတ်ဘဲ ဘုန်းကြီးကျောင်းသားဘဝမှ မန္တလေး ဂုဏဝတီပုံနှိပ်တိုက်တွင် စတင်အလုပ်လုပ်ရင်း ကြိုးစားမှုဖြင့် ဂျာနယ် ထုတ် ဝေနိုင်သည်အထိ တိုးတက်ခဲ့ခြင်း ဖြစ်သည်။ ဦးစိန်က ကိုယ်တိုင် ဂျာနယ် မထုတ်ဝေမီ မြန်မာ့ဝန်ထမ်းသတင်းစာတွင် အယ်ဒီတာလုပ်သည်။ ထို့ နောက် မြန်မာ့အလင်း သတင်းစာတိုက်တွင်လည်း အယ်ဒီတာ လုပ်ခဲ့ဖူး သည်။

ဗန္ဓု လဂျာနယ်တွင် အယ်ဒီတာအဖြစ် ဆောင်ရွက်သောအခါ ဦးစိန် ၏ အမည်မှာလည်း ဗန္ဓုလဦးစိန်ဟူ၍ ဖြစ်လာခဲ့သည်။ ဗန္ဓုလဦးစိန်သည် ၁၉၃၃ ခုနှစ်တွင် ဦးစိုးသိမ်း နုတ်ထွက်သွားသောအခါ ဂျီစီဘီအေဥက္ကဋ္ဌ

mgyoe.com

mgyoe.com
SAMPLE BOOK


ဖြစ်လာခဲ့သည်။ ဂျပန်ခေတ်၊ ကက်စ်ဘီခေတ်တို့တွင် ဝန်ကြီးရာထူး ရရှိခဲ့သည်။

**မျက်နှာဖုံးပန်းချီ**

ဗန္ဓုလဂျာနယ်၏ မျက်နှာဖုံးပန်းချီပုံမှာ စစ်သူကြီး မဟာဗန္ဓုလ မတ်တတ်ရပ်လျက် ဓားလွယ်ထားဟန် ပန်းချီဦးဘစိန်၏လက်ရာ ဖြစ်ပါသည်။ ထို့နောက် 'ဗန္ဓုလ ဓားချွတ်တော့မည်'ဟူ၍ ဂျာနယ်တွင် ကြော်ငြာထည့်သွင်းခဲ့သည်။ သို့သော် အချိန်အတန်ကြာ ဓားမချွတ်ဖြစ်သေးပေ။ သို့ဖြင့် မြန်မာ့ရိဗျူးဂျာနယ်က 'ဓားချွတ်ပြီး ကျုပ်တို့ဘက်တော့ မပစ်လိုက်ပါနဲ့ဗျို့'ဟု ခနဲ့ခဲ့သည်။ ၁၉၂၇ ခုနှစ်၊ ဧပြီလတွင် ပန်းချီဦးဘစိန်၏ စစ်သူကြီး မဟာဗန္ဓုလ ဓားကိုင်၍ လက်အောက်ချကာ မတ်တတ်ရပ်နေပုံ အဖုံး ပြောင်းလဲသွားသည်။

ယင်းနောက် ပန်းချီဦးငွေကိုင်၏လက်ရာကို အသုံးပြုပြန်ပါသည်။ ဓားနှင့် ခုတ်မည့်ဟန် လက်မြှောက်ထားပုံ ဖြစ်သည်။ ၂၅၊ နိုဝင်ဘာ၊ ၁၉၃၁ တွင် ပန်းချီဦးဘညာဏ်၏ စစ်သူကြီး မဟာဗန္ဓုလပုံကို အသုံးပြုခဲ့သည်။

**ပင်တိုင်စာရေးဆရာများ**

ဗန္ဓုလဂျာနယ်တွင် အယ်ဒီတာချုပ် ဦးစိန်ကိုယ်တိုင်က ကလောင်အမည် အမျိုးမျိုးဖြင့် ပါဝင်ရေးသားခဲ့သကဲ့သို့ ဆရာကြီး မစ္စတာမောင်မှိုင်း၊ လယ်တီပဏ္ဍိတ ဦးမောင်ကြီးတို့အား အမှူးထားလျက် ပီမိုးနင်း၊ ဦးဘချို၊ ဒဂုန်နတ်ရှင်၊ မြို့မမောင်၊ဗိုလ် ကလေးဦးသက်ရှည်၊ မော်ဗီဆရာသိန်း၊ ပျော်ဘွယ်ခင်လေး (ဦးချစ်မောင်)၊ မင်းမဟော် (ရသေ့ကြီးဦးမင်း) တို့ကလည်း ပါဝင်အားဖြည့်ပေးခဲ့ကြသည်။ ဗန္ဓုလဦးစိန်၏ ကလောင်အမည်များမှာ  သတိုးစိန်၊ စိန်ကလောင်၊ စိန်ဒိုး၊ ခပ်တိုင်းငံ၊ တင်းပုတ် စသည်ဖြင့် ဖြစ်ပါသည်။

**ရယ်ရွှင်ဖွယ် ကဏ္ဍများ**

'ဖြုတ်စဗျင်းတောင်း'ဟု အမည်ပေးထားသောကဏ္ဍကို ဗန္ဓုလဦးစိန်

mgyoe.com


mgyoe.com SAMPLE BOOK



ကိုယ်တိုင် 'ခပ်တိုင်းင်' ကလောင်အမည်ဖြင့် ရေးသားပါသည်။ 'ဗန္ဓုလဟာ ခုအပတ် သိပ်ထူးတာပဲ၊ ထူးရလွန်းလို့ အသံလည်း ဝင်လို့။ မန္တလေး ဦးချစ်ဖွယ်ကဖြင့် မစိန်သံ အသံဝင်တုန်းကတော့ ဆော်ဒါနဲ့ ပျောက်တာပဲ တဲ့။ အဲဒါ (ဆေးမြီးရှည်) မှတ်ကြနော်'စသည်ဖြင့် အပြောင်အပြက် ရေးသည်။ ယင်း ဗြုတ်စဗျင်းတောင်းကဏ္ဍအပြင် 'ငလက်တို ညို စကားပြောခန်း၊ ရသေ့ဦးမင်းနှင့် တာတေ၊ ကိုကြီးနတ် အမေးအဖြေ' စသည့်ကဏ္ဍများမှာလည်း လူကြိုက်များလှသည်။

**နိုင်ငံရေးသတင်း**

ဗန္ဓုလဂျာနယ်တွင် ခေတ်ကာလအလျောက် ထင်ရှားသော နိုင်ငံရေးသတင်းများကို စဉ်ဆက်မပြတ် ထည့်သွင်းဖော်ပြခဲ့သည်။ ဗိုလ်စံဖဲ သတင်း၊ ဂဠုန်ဆရာစံ သတင်းတို့မှာ အများစိတ်ဝင်စားသော သတင်းများ ဖြစ်ကြသည်။ ယင်း သတင်းများကို ကာတွန်းရွှေတလေး (ဦးဘကလေး) ၏ ကာတွန်းလက်ရာများနှင့် ယှဉ်တွဲ ဖော်ပြတတ်ပါသည်။



ဗန္ဓုလဂျာနယ် (၂၁-၉-၁၉၂၇) ပါ ရွှေတလေး၏ ကာတွန်းလက်ရာ။

mgyoe.com

mgyoe.com
SAMPLE BOOK


**ယုဝတီဗိမာန်ကဏ္ဍ**

ယုဝတီဗိမာန်ကဏ္ဍတွင် ပျော်ဘွယ်ခင်လေး၊ ကျုံပျော်သူတင်တင်အေး၊ တစ်နယ်သူ မသန်းကြည် စသူတို့က လေးချိုး၊ လေးဆစ်၊ ဆောင်းပါးများ ရေးကြသည်။ အမျိုးသမီး ကလောင်အမည် ခံယူထားကြသော်လည်း အများစုမှာ အမျိုးသားစာရေးဆရာများ ဖြစ်ကြပါသည်။ ဥပမာအားဖြင့် ပျော်ဘွယ်ခင်လေးဆိုလျှင် ကဗျာအရေးကောင်းသူ ဦးချစ်မောင် ဖြစ်သည်။

**မစ္စတာမောင်မှိုင်း၏ ခွေးဋီကာ**

ဗန္ဓုလဂျာနယ်တွင် နောင် ဆရာကြီး သခင်ကိုယ်တော်မှိုင်းအဖြစ် ထင်ရှားခဲ့သည့် မစ္စတာမောင်မှိုင်းက ခွေးဋီကာကို ရေးသားခဲ့သည်။ဒိုင်အာခီ အုပ်ချုပ်ရေးပေးစဉ် အစိုးရအား ပူးသတ်မည်ဆိုကာ ရွေးကောက်ပွဲဝင်ခဲ့ကြသည့် မင်းတိုင်ပင်အမတ်များသည် အမတ်ဖြစ်လာကြသောအခါ မပူးသတ်နိုင်ကြတော့ဘဲ ငါးထောင်စားနေရာ ရရေးအတွက် ရာထူးလုကြပုံကို သရော်ရေးသားခဲ့ခြင်း ဖြစ်သည်။

ခွေးဋီကာတွင် ခေါင်းဆောင်များ ခွေးကဲ့သို့ ကျင့်အပ်သောအရာ၊ ခွေးကဲ့သို့ မကျင့်အပ်သောအရာများကို နိပါတ်လင်္ကာ အထောက်အထားများဖြင့် ရေးဖွဲ့ထားပါသည်။ ဘုရားလောင်း ခွေးမင်း၏ ခေါင်းဆောင်ကောင်း အရည်အချင်းကို ပြသသကဲ့သို့ စားခွက်လုသောခွေးတို့၏သဘောကိုလည်း ဆရာကြီးက ခေတ်အခြေအနေနှင့်ထင်ဟပ်ကာ ရေးသားခဲ့သည်။

**ဘာသာပြန်**

ဗန္ဓုလဦးစိန်သည် မိမိကိုယ်တိုင် အင်္ဂလိပ်စာတတ်တစ်ယောက် မဟုတ်သော်လည်း အင်္ဂလိပ်စာဘာသာပြန်ကို အားပေးသူဖြစ်သည်။ ၁၄၊ ဒီဇင်ဘာ၊ ၁၉၃၈ ထုတ် ဗန္ဓုလဂျာနယ်၌ 'အင်္ဂလိပ်စာအုပ် အသီးသီးတို့မှ ထူးတာဆန်းတာ၊ မှတ်သားဖွယ်ရာ မြန်မာပြည်ပ အတုခိုး လိုက်နာစရာ ဘာသာပြန်များကိုလည်း မိမိတို့စွမ်းနိုင်သမျှ ပေးပို့လျှင်လည်း ဗန္ဓုလဂျာနယ်ထဲတွင် ထည့်သွင်းပေးမည်ဖြစ်ကြောင်း'ဟူ၍ ကြေညာခဲ့သည်။ထို့နောက် ပုသိမ်ဦးဘသော် ပြန်ဆိုသော တောပုန်းကြီးရော်ဘင်ဟု အခန်းဆက်

mgyoe.com

mgyoe.com SAMPLE BOOK


ဘာသာပြန် ဇာတ်လမ်းကိုလည်း ထည့်သွင်းပေးခဲ့သည်။

**နေ့စဉ်မှတ်တမ်းကဏ္ဍ**

ဗန္ဓုလဂျာနယ်တွင် နှစ်စဉ် မြန်မာနှစ်သစ်ကူးချိန်၌ တစ်နှစ်အတွင်း ထင်ရှားသော ပြည်တွင်းပြည်ပ အဖြစ်အပျက်များကို စုစည်းကာ နေ့စဉ်မှတ်တမ်း ကဏ္ဍအဖြစ် ဖော်ပြပေးပါသည်။ ဥပမာအားဖြင့် ၁၂၉၂ ခုနှစ် (၁၉၃၀) အတွက် ဒိုင်ယာရီတွင် 'နှစ်ဆန်း ၁ ရက်နေ့ – မန္တလေး၌ လေကြီးကျ၍ အတော်အ တန် ပျက် စီး သည်။ က ဆုန် လဆန်း ၉ ရက် – မဟတ္တမဂန္ဒီကို အစိုးရဖမ်းဆီးသည်။ ၎င်းနေ့ ည အောက်မြန်မာပြည် ငလျင်ကြီးလှုပ်ရာ ပဲခူးမြို့ ပျက်သည်။ ရန်ကုန်မြို့၌လည်း တိုက်တွေပြို၊ လူတွေ သေကြသည်' စသည်ဖြင့် ဖြစ်သည်။



ဗန္ဓုလဂျာနယ်နှင့်အပြိုင် ထုတ်ဝေခဲ့သည့် ဗန္ဓုလသတင်းစာ။

**ပီမိုးနင်းနှင့် ဗန္ဓုလဂျာနယ်**

ဆရာပီမိုးနင်းသည် ၁၉၂၁ ခုနှစ်၊ ဗန္ဓုလဂျာနယ် စတင်ထွက်ချိန်မှ ၁၉၃၉ ခုနှစ် ရပ်စဲသွားချိန်အထိ စဉ်ဆက်မပြတ် ရေးသားခဲ့သူ ဖြစ်သည်။ ဆရာပီမိုးနင်း၏ 'ကမ္ဘာ့မင်တဲ'အခန်းမှာ လူကြိုက်များလှသည်။ ထို့ပြင် ဆရာပီမိုးနင်းက 'ပေါက်ဆိန်' ကလောင်အမည်ဖြင့်လည်း ရေးသားခဲ့သည်။ ဆရာပီမိုးနင်းသည် 'ပေါက်ဆိန်'ဋီကာတွင် ကာရန်နဘေများဖြင့် အဆန်းတကြယ် ရေးဖွဲ့ခဲ့၏။ 'စာအုပ် စုတ်လာ၊ အပေါင်ဆိုင် အပိုင်ဆောင်၊ အစိုးရ အစရိုး' စသည့်ဝေါဟာရများမှာ ဆရာပီမိုးနင်း တီထွင်သုံးစွဲခဲ့သော ဝေါဟာရများ ဖြစ်ကြသည်။

mgyoe.com

mgyoe.com
SAMPLE BOOK


အစိုးရက အာမခံတောင်းသဖြင့် ဗန္ဓုလဂျာနယ် ပိတ်လိုက်ရသော အခါ ဆရာပီမိုးနင်းမှာ အလွန်နာကြည်းကာ နောက်ဆုံးထုတ် ဗန္ဓုလဂျာနယ်မှ အစိုးရအား ပြင်းပြင်းထန်ထန် ဝေဖန်ခဲ့သည်။

**ရပ်စဲသွားခြင်း**

၁၉ နှစ်ကြာ သက်တမ်းရှိခဲ့သည့် ဗန္ဓုလဂျာနယ်သည် ၁၉၃၉ ခုနှစ်၊ ဒီဇင်ဘာလတွင် အစိုးရက အာမခံ တင်ခိုင်းရာမှ ရပ်စဲသွားတော့သည်။ ဗန္ဓုလဦးစိန်သည် ဗန္ဓုလဂျာနယ် ထုတ်ဝေနေစဉ်အတွင်း ၁၉၂၇ ခုနှစ်တွင် ဗန္ဓုလသတင်းစာကို ထုတ်ဝေခဲ့သည့်နည်းတူ ၁၉၃၉ ခုနှစ်၊ အောက်တိုဘာလတွင် ဗန္ဓုလမဂ္ဂဇင်းကို ထုတ်ဝေခဲ့သည်။ သို့သော် ငွေကြေး အခက်အခဲကြောင့် ရေရှည်မထုတ်နိုင်ခဲ့ပေ။

**ကျမ်းကိုး**

၁။ မြန်မာနိုင်ငံ စာနယ်ဇင်းမှတ်စုများ (သခေါ်)

၂။ မြန်မာဂျာနယ်သမိုင်း (ဦးခင်မောင်ထွန်း)

mgyoe.com

mgyoe.com SAMPLE BOOK


# သမိုင်းဝင် ဓာတ်ပုံကလေးတစ်ပုံ

ဗိုလ်ချုပ်အောင်ဆန်း၏နိုင်ငံရေး လှုပ်ရှားမှုဆိုင်ရာ ဓာတ်ပုံများထဲတွင် ကချင်တိုင်းရင်းသူကလေးများနှင့်အတူ ပြုံးပျော်ရွှင်လျက် ရိုက်ကူးထားသည့် ဓာတ်ပုံတစ်ပုံ ရှိပါသည်။ ယင်းဓာတ်ပုံသည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် ကြိုးပမ်းခဲ့သည့် ဗိုလ်ချုပ်အောင်ဆန်း၏ စည်းရုံးရေးခရီးစဉ်အတွင်း သမိုင်းဝင်ဓာတ်ပုံတစ်ပုံ ဖြစ်ခဲ့သည်။

**ကချင်ပြည်နယ်ခရီးစဉ်**

ဗိုလ်ချုပ်အောင်ဆန်းသည် ၂၁၊ နိုဝင်ဘာ၊ ၁၉၄၆ တွင် မိတ္ထီလာမြို့မှတစ်ဆင့် မန္တလေးသို့ ဆက်လက်ထွက်ခွာလာခဲ့ရာ လမ်းခရီးတစ်လျှောက်ဝမ်းတွင်း၊ မြစ်သား၊ ကျောက်ဆည်၊ ပလိပ်၊ မြစ်ငယ် စသည့်မြို့များ၌ ဒေသခံလူထုက သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြသည်။ မန္တလေးသို့ရောက်ရှိစဉ် သခင်ဗဟိန်း၏ရျာပနသို့ သွားရောက်ခဲ့သည်။ ထို့နောက် ကချင်ပြည်နယ်သို့ ခရီးဆက်ခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းသည် မြစ်ကြီးနားမြို့သို့ ရောက်ရှိစဉ် မြို့ခံလူထုနှင့်တွေ့ဆုံကာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် တိုင်ပင်ဆွေးနွေးခဲ့သည်။

mgyoe.com

mgyoe.com SAMPLE BOOK


**ပွင့်ပွင့်လင်းလင်း**

ဗိုလ်ချုပ်အောင်ဆန်း မြစ်ကြီးနားသို့ရောက်ရှိသည်နှင့် တစ်ပြိုင်နက် ချင်း၊ ကချင် စသည့် တိုင်းရင်းသားခေါင်းဆောင်များက အားတက်သရော လာရောက်တွေ့ဆုံ နှုတ်ဆက်ခဲ့ကြသည်။ တိုင်းရင်းသားခေါင်းဆောင်များက သူတို့အနေဖြင့် မြန်မာများနှင့် ရင်းရင်းနှီးနှီး နေလိုကြရုံမျှမက သူတို့အား အင်္ဂလိပ်က ကတိအမျိုးမျိုး ပေးခဲ့သော်လည်း ယနေ့ထက်တိုင် အကြောင်း မထူးသေးကြောင်း ပွင့်ပွင့်လင်းလင်း ပြောဆိုခဲ့ကြသည်။ အရာရှိအချို့က တိုင်းရင်းသားအချင်းချင်း သွေးခွဲနေပုံကိုလည်း ရှင်းလင်းပြောကြားခဲ့ကြ၏။

**မန်စိန်ကျေးရွာသို့**

၂၆၊ နိုဝင်ဘာ၊ ၁၉၄၆ တွင် ဗိုလ်ချုပ်အောင်ဆန်း မန်ခိန်ကျေးရွာသို့ ရောက်ရှိခဲ့သည်။ မန်ခိန် အစိုးရအထက်တန်းကျောင်းရှိ ကောက်သစ်စား ပွဲတော်အတွက် ကြိုတင်ပြင်ဆင်ထားသော မဏ္ဍပ်တွင် ဗိုလ်ချုပ်အား ကြိုဆို ခဲ့ကြသည်။ ထို၌ ကချင်တိုင်းရင်းသားခေါင်းဆောင်များနှင့် တွေ့ဆုံစဉ် ကချင်ခေါင်းဆောင်များက ဗိုလ်ချုပ်အောင်ဆန်းအား မိမိတို့ ကချင်လူထု အနေဖြင့် မြန်မာ့လွတ်လပ်ရေးအတွက် အတူတကွ ပူးပေါင်းပါဝင်သွားမည် ဖြစ်ကြောင်း ကတိကဝတ် ပြုခဲ့ကြသည်။

**ဗိုလ်ချုပ်အတွက် လက်ဆောင်**

ကချင်တိုင်းရင်းသားများသည် ရိုးသားဖြောင့်မတ်သူများ ဖြစ်ကြ သည်။ ဗိုလ်ချုပ်အောင်ဆန်း ကချင်မြေသို့လာရောက်စဉ် ဗိုလ်ချုပ်အတွက် ဒေသထွက် လက်ဆောင်ပစ္စည်း တစ်စုံတစ်ရာကို ပေးအပ်ရန် စီစဉ်ကြ သောအခါ ကချင်တိုင်းရင်းသား ရိုးရာလွယ်အိတ်နှင့် ဓားလွယ်ကို စဉ်းစား မိကြသည်။ လွယ်အိတ်သည် ကချင်တိုင်းရင်းသားများ၏ အသုံးအဆောင် တစ်ခု ဖြစ်သကဲ့သို့ ဓားလွယ်မှာလည်း မရှိမဖြစ် ဆောင်ယူလေ့ ရှိကြသည့် ရိုးရာအမှတ်လက္ခဏာတစ်ခု ဖြစ်ပါသည်။ သို့ဖြင့် ကချင် ပြည်သူလူထု ကိုယ်စား ဗိုလ်ချုပ်အောင်ဆန်းအား လွယ်အိတ်နှင့် ဆောင်ဓားကို ပေးအပ် ပေးရန် ဒေါ်ဂေါ့လူလုကို တာဝန်ပေးခဲ့ကြသည်။

mgyoe.com

mgyoe.com SAMPLE BOOK


## ရှင်းလင်းပြောကြားချက်

ဗိုလ်ချုပ်အောင်ဆန်းအား လွယ်အိတ်နှင့် ဓားလွယ် ပေးအပ်မည့် အခမ်းအနားတွင် ဒေါ်ဂေါ့လူလုက ယင်းသို့ အမှတ်တရအဖြစ် ရိုးရာပစ္စည်းများ ပေးအပ်ရပုံနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ ဒေါ်ဂေါ့လူလုက 'ကျွန်မတို့ ကချင်လူမျိုးတွေဟာ ကျွန်မတို့ရဲ့ ဆွေမျိုးရင်းချာလို့ မှတ်ယူအသိအမှတ်ပြုတဲ့သူကိုသာ လွယ်အိတ်နဲ့ ဓားလွယ်ကိုပေးတဲ့ ရိုးရာထုံးတမ်းစဉ်လာ ရှိပါတယ်။ ဒါကြောင့် ဒီနေ့ ဒီအချိန်ကစပြီး ဗိုလ်ချုပ်ကို ကျွန်မတို့ ကချင်လူမျိုးတွေရဲ့ ဆွေမျိုးအရင်းအချာအဖြစ် လက်ခံ အသိအမှတ်ပြုကြပြီး ဖြစ်ပါတယ်။ အသိအမှတ်ပြုတဲ့ အထိမ်းအမှတ်အနေနဲ့ ဒီလွယ်အိတ်နဲ့ ဓားလွယ်ကို အဖိုးမတန်ပေမဲ့ ကချင်လူမျိုးတွေရဲ့ ထုံးတမ်းစဉ်လာအရ အရေးကြီးပြီး အဖိုးတန်လှတဲ့အတွက် ယနေ့ ကျွန်မတို့ ကချင်လူထုကပေးအပ်တဲ့ ကတိစကားကို အထိမ်းအမှတ်ဖြစ်ဖို့ ကျွန်မတို့က ပေးအပ်ခြင်းကို လက်ခံပါလို့ တင်ပြခြင်းဖြစ်ပါတယ်ရှင့်' ဟူ၍ ပြောကြားခဲ့သည်။

## အမှတ်တရ

ဒေါ်ဂေါ့လူလု၏ ရှင်းလင်းပြောကြားချက်ကို ဗိုလ်ချုပ်အောင်ဆန်း အပါအဝင် ကချင်လူထု ပရိသတ်အားလုံးက သောင်းသောင်းဖြဖြ ကြိုဆိုကြပါသည်။ ထို့နောက် ကချင် တိုင်းရင်းသားတို့၏ ထုံးတမ်းစဉ်လာအတိုင်း စကောထက်တွင် ငှက်ပျောဖက်များခင်းပြီး လွယ်အိတ်နှင့် ဓားလွယ်ကို ထည့်ကာ ဗိုလ်ချုပ်အောင်ဆန်းအား အမှတ်တရလက်ဆောင်ပစ္စည်းအဖြစ် ဒေါ် ဂေါ့လူလုက ကချင်တိုင်းရင်းသား လူထုကိုယ်စား ပေးအပ်ခဲ့ပါသည်။ လက်ဆောင်ပစ္စည်း ပေးအပ်ပြီးသည်နှင့် ဗိုလ်ချုပ်အောင်ဆန်းသည် လွယ်အိတ်နှင့် ဓားလွယ်ကို လွယ်ကာ မဏ္ဍပ်တွင်းမှ အပြင်သို့ ထွက်လာခဲ့သည်။ ကချင်တိုင်းရင်းသားလူထုမှာ ဝမ်းသာအားရဖြင့် ပျော်ရွှင်နေကြလေသည်။

## ဓာတ်ပုံရိုက်ကူးရန်အကြံ

ဗိုလ်ချုပ်အောင်ဆန်း မဏ္ဍပ်အပြင်သို့ ရောက်ရှိချိန်တွင် တစ်စုံတစ်ယောက်က အမှတ်တရဓာတ်ပုံ ရိုက်ကူးထားသင့်ကြောင်း အကြံပြုလိုက်

mgyoe.com

mgyoe.com SAMPLE BOOK





ဗိုလ်ချုပ်အောင်ဆန်းအား ကချင်တိုင်းရင်းသားဝတ်စုံဖြင့် တွေ့ရှိရပုံ။

သည်။ ထိုအခါ ယင်းအသံကိုကြားသည်နှင့် အားလုံးက ထောက်ခံ သဘောတူလိုက်ကြသည်။ မဏ္ဍာပ်တွင် တာဝန်ကျနေသော ကချင်တိုင်းရင်းသူ အမျိုးသမီး ၆ ဦးက ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ အမှတ်တရဓာတ်ပုံရိုက်ကြရန် ဝိုင်းဝန်းတောင်းဆိုပြီး မဏ္ဍာပ်တွင်းမှ ထွက်လာကြသည်။

## အမှတ်တရဓာတ်ပုံ

ဗိုလ်ချုပ်အောင်ဆန်းသည် ကချင်တိုင်းရင်းသူကလေးများ၏ တောင်းဆိုချက်ကို မငြင်းပယ်ဘဲ အတူဓာတ်ပုံရိုက်ခံရန် ပြင်ဆင်လိုက်၏။ လွယ်အိတ်နှင့် ဓားလွယ်က အဆင်သင့်ရှိနေပြီ ဖြစ်သော်လည်း ကချင်တိုင်းရင်းသားတစ်ဦးကဲ့သို့ ခေါင်းပေါင်းပါလျှင် ပိုကောင်းမည်ဟု တွေးမိသူက တွေးမိခဲ့ဟန် တူပါသည်။ ကချင်တိုင်းရင်းသားခေါင်းဆောင် ဒူဝါဇော်ရစ်က သူ၏ဦးခေါင်းထက်မှ ခေါင်းပေါင်းကို ပုံစံမပျက်ဖြုတ်ကာ ဗိုလ်ချုပ်၏ဦးခေါင်း

mgyoe.com

mgyoe.com SAMPLE BOOK


ထက်သို့ စွပ်ပေးလိုက်သည်။

ဓာတ်ပုံအရိုက်ခံမည့်ဆဲဆဲ ကချင်တိုင်းရင်းသူ အမျိုးသမီးတစ်ဦးက 'ဗိုလ်ချုပ် ကချင်မတွေနဲ့ တွဲရိုက်တဲ့ဓာတ်ပုံကို ဗိုလ်ချုပ်ကတော်မြင်ရင် စိတ်ဆိုးနေလိမ့်မယ်'ဟု ပြောလိုက်ရာ ဗိုလ်ချုပ်အောင်ဆန်းမှာ သဘောကျပြီး ရယ်လေတော့သည်။ ကချင်တိုင်းရင်းသူ အားလုံးကလည်း လိုက်ရယ်ကြသည်။ ထိုစဉ် ဓာတ်ပုံဆရာက ခလုတ်နှိပ်လိုက်ရာ ဓာတ်ပုံထဲတွင် ဗိုလ်ချုပ်အောင်ဆန်း အပါအဝင် ကချင် တိုင်းရင်းသူကလေးများအားလုံး ပြုံးရွှင်လျက် ရှိနေပုံကို တွေ့ကြရလေသည်။

**နေ့လယ်စာစားပွဲ**

မန်ခိန်ကျေးရွာသည် မြစ်ကြီးနားမြို့နှင့် ၅ မိုင်ခန့် ကွာဝေးပြီး ဗိုလ်ချုပ်အောင်ဆန်းအား ကချင်တိုင်းရင်းသား တိုင်းရင်းသူကလေးများက ရိုးရာဓလေ့အရ စီမံထားသော နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြသည်။ ဗိုလ်ချုပ်အောင်ဆန်းကလည်း ကချင်တိုင်းရင်းသားများ၏ ဧည့်ဝတ်ကျေပွန်မှုကို အသိအမှတ်ပြုသည့်အနေဖြင့် အားပါးတရ သုံးဆောင်ခဲ့သည်။

**ဓာတ်ပုံရိုက်ကြသူများ**

ထိုနေ့က ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ ပါဝင်ဓာတ်ပုံရိုက်ကူးခဲ့ကြသူ ကချင်တိုင်းရင်းသူကလေးများမှာ စုစုပေါင်း ၆ ဦး ဖြစ်ပါသည်။ အားလုံးမှာ ကချင်တိုင်းရင်းသားဝတ်စုံကို ဝတ်ဆင်ထားကြပါသည်။ ဓာတ်ပုံရိုက်ကူးရာ၌ ပါဝင်ခဲ့ကြသူများမှာ လက်ဝဲမှ လက်ယာသို့ အစဉ်လိုက်အားဖြင့် ဒေါ်ဂျေါ့လူလု၊ ဒေါ်အယ်လ်နန်ဆိုင်း၊ ဒေါ်အင်န်ခွန်ဘောက်၊ ဒေါ်ခေါန်ရော်၊ ဒေါ်ဂျာဘောက်နှင့် ဒေါ်အယ်လ်နန်ရာတို့ ဖြစ်ကြပါသည်။ ဗိုလ်ချုပ်အောင်ဆန်းက ရှေ့ဆုံးမှ ကုလားထိုင်ဖြင့် ထိုင်ပါသည်။

နောက်ပိုင်းတွင် ဒေါ်ဂျေါ့လူလုနှင့် ဒေါ်အယ်လ်နန်ဆိုင်းတို့မှာ မြစ်ကြီးနားတွင် လည်းကောင်း၊ ဒေါ်ခေါန်ရော်နှင့် ဒေါ်ဂျာဘောက်တို့မှာ မန်ခိန်ကျေးရွာ၌လည်းကောင်း နေထိုင်ခဲ့ကြပါသည်။ ဒေါ်အယ်လ်နန်ရာမှာမူ တောင်ကြီးမြို့၌နေထိုင်ကြောင်း သိရှိရပါသည်။ ဗိုလ်ချုပ်အောင်ဆန်းအား

mgyoe.com

mgyoe.com SAMPLE BOOK




ဗိုလ်ချုပ်အောင်ဆန်းနှင့် ကချင်တိုင်းရင်းသူကလေးများ
အမှတ်တရရိုက်ကူးထားသောဓာတ်ပုံ။

အမှတ်တရ လက်ဆောင်ပစ္စည်း ပေးအပ်ရေး တာဝန်ယူခဲ့ရသူလည်း ဖြစ်သော ဒေါ်ဂေါ့လူလုမှာ နောင်တွင် ပြည်နယ်ပညာရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ရာမှ အငြိမ်းစားယူခဲ့ပါသည်။

## မြစ်ကြီးနားမှ ပြန်လည်ထွက်ခွာခြင်း

ဗိုလ်ချုပ်အောင်ဆန်းသည် မြစ်ကြီးနားမြို့တွင် ရှိနေစဉ်အတွင်း နီပေါလီ ကျောင်းကြီး၌ လူထုအစည်းအဝေးတစ်ရပ်ကို ကျင်းပခဲ့သေး၏။ ယင်းအစည်းအဝေးသို့ အနီးဝန်းကျင်ကျေးရွာများမှ ပရိသတ် ၂၅၀၀ ကျော် တက်ရောက်ခဲ့သည်။ ကချင်တိုင်းရင်းသားခေါင်းဆောင် ဒူဝါဇော်လွန်း၊ ဒူဝါဇော်ရစ်တို့က တိုင်းရင်းသား စည်းလုံးညီညွတ်ရေးဆိုင်ရာ ကိစ္စရပ်များကို ဗိုလ်ချုပ်အောင်ဆန်းနှင့် ပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ ထို့နောက်

mgyoe.com

mgyoe.com
SAMPLE BOOK


ဗိုလ်ချုပ်အောင်ဆန်းသည် မေဂျာဂျင်နရယ် သောမတ်(စ်)၊ အပါးတော်မြဲ ဗိုလ်ထွန်းလှတို့နှင့်အတူ လေယာဉ်ဖြင့် မြစ်ကြီးနားမှ ပြန်လည်ထွက်ခွာလာခဲ့ရာ ဒီဇင်ဘာလ ၁ ရက်နေ့၊ မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်သို့ ပြန်လည်ရောက်ရှိခဲ့သည်။

## သမိုင်းဝင် ဓာတ်ပုံကလေး

ဗိုလ်ချုပ်အောင်ဆန်း ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ မန်ခိန်ကျေးရွာတွင် ကချင်တိုင်းရင်းသူကလေးများနှင့်အတူ ရိုက်ကူးခဲ့သည့် ဓာတ်ပုံမှာ သမိုင်းဝင်ဓာတ်ပုံကလေးတစ်ပုံအဖြစ် ယနေ့ထက်တိုင် ရှိနေဆဲဖြစ်ပါသည်။ ဓာတ်ပုံထဲတွင်ပါဝင်သူ အငြိမ်းစား ပြည်နယ်ပညာရေးမှူး ဒေါ်ဂေါ့လူလုက ထိုနေ့က ဓာတ်ပုံရိုက်ကူးဖြစ်ခဲ့သည့် အတွေ့အကြုံကလေးကို ပြန်လည်ရေးသား မှတ်တမ်းတင်ခဲ့သဖြင့်သာ ယခုကဲ့သို့ သမိုင်းဝင်ဓာတ်ပုံကလေးအကြောင်းကို သိရှိကြရခြင်း ဖြစ်ပါသည်။

**ကျမ်းကိုး**

၁။ မြန်မာ့အလင်းသတင်းစာ (၄– ၁၂–၁၉၄၆)

၂။ ဒေါ်ဂေါ့လူလု၏ မြစ်ကြီးနားမဂ္ဂဇင်းပါ မှတ်တမ်း

mgyoe.com

mgyoe.com SAMPLE BOOK



## ဗိုလ်ချုပ်အောင်ဆန်း မွေးနေ့တွင် ကျင်းပခဲ့သော ပထမဆုံး ကမ္ဘာ့ကလေးများနေ့

ဗိုလ်ချုပ်အောင်ဆန်း၏ မွေးနေ့ကို ကမ္ဘာ့ကလေးများနေ့ဟု သတ်မှတ်ထားသော်လည်း လမ်းစဉ်ပါတီခေတ်နှင့် စစ်အစိုးရလက်ထက် တစ်လျှောက် အသိအမှတ်ပြု ကျင်းပခြင်းမျိုးမှာ မရှိသလောက် ဖြစ်ပါသည်။ ဗိုလ်ချုပ်အောင်ဆန်း မွေးနေ့ကို ကမ္ဘာ့ကလေးများနေ့အဖြစ် သတ်မှတ်ကျင်းပခဲ့ခြင်းမှာ ပါလီမန်ခေတ် ၁၉၅၆ ခုနှစ်ကပင် စတင်ခဲ့ပါသည်။

**ယခင် ကမ္ဘာ့ကလေးများနေ့**

နောင် အနာဂတ်တွင် တိုင်းပြည်တာဝန် ထမ်းဆောင်ကြရမည့် ကလေးသူငယ်များအား အလေးထား ဂုဏ်ပြုသောအားဖြင့် ကမ္ဘာ့ကလေးများနေ့ကို ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံအသီးသီး၌ မိမိတို့အစီအစဉ်ဖြင့် သတ်မှတ် ကျင်းပခဲ့ကြသည်။ ကမ္ဘာ့ကုလသမဂ္ဂအနေဖြင့် နှစ်စဉ် အောက်တိုဘာလ၏ ပထမ တနင်္လာနေ့ကို ကမ္ဘာ့ကလေးများနေ့အဖြစ် သတ်မှတ်ထားသော်လည်း တိုင်းပြည်အလိုက် သင့်တော်မည့်နေ့၌ ကျင်းပကြရန် ခွင့်ပြုခဲ့သည်။

mgyoe.com

mgyoe.com
SAMPLE BOOK


**ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့သို့**

၁၉၅၆ ခုနှစ်အတွက် ကမ္ဘာ့ကလေးများနေ့ကို ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့၌ ကျင်းပရန် ယင်းနှစ်၊ ဖေဖော်ဝါရီလဆန်းပိုင်းကပင် ဆော်သြခဲ့ကြသည်။ ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့သို့ ပြောင်းလဲကျင်းပရန် ကလေးသူငယ် အကျိုးဆောင်အဖွဲ့ချုပ်နှင့် ပြည်ထောင်စု လူမှုဝန်ထမ်းကောင်စီတို့က ဆုံးဖြတ်ခဲ့ကြခြင်း ဖြစ်သည်။ (၁-၂-၁၉၅၆) ရက်စွဲပါ ဟံသာဝတီသတင်းစာတွင် ယင်းသို့ ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့သို့ ပြောင်းလဲလိုက်ကြောင်း ပြည်သူလူထုအား အသိပေးကြေညာခဲ့သည်။

**မေတ္တာရပ်ခံချက်**

ကမ္ဘာ့ကလေးများနေ့တွင် ၁၆ နှစ်အောက် ကလေးသူငယ် ကျားမမရွေး၊ ဘာသာမရွေးတို့အား အခမ်းအနား ကျင်းပပေးခြင်းဖြင့် ၎င်းတို့၏ အခွင့်အရေးကို အသိအမှတ်ပြုရန် တိုက်တွန်းကြောင်း သက်ဆိုင်ရာမှ ထုတ်ပြန်ကြေညာခဲ့သည်။ ထို့ပြင် မြန်မာနိုင်ငံလုံးဆိုင်ရာ မိခင်နှင့် က လေးများ အဖွဲ့ချုပ်၏ အဖွဲ့ဝင်များအနေဖြင့်လည်း ကူညီဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံစာတစ်စောင်ကို အဖွဲ့ချုပ် အတွင်းရေးမှူးလက်မှတ်ဖြင့် ထုတ်ပြန်ခဲ့သည်။

**ပထမဆုံး အခမ်းအနား**

ပထမဆုံး ကမ္ဘာ့ကလေးများနေ့အခမ်းအနားကို ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ဖြစ်သော ၁၃၊ ဖေဖော်ဝါရီ၊ ၁၉၅၆၊ နံနက် ၇ နာရီခွဲအချိန်တွင် ရန်ကုန်မြို့၊ ဗိုလ်ချုပ်အောင်ဆန်းပန်းခြံ၌ ကျင်းပခဲ့သည်။ ယင်း အခမ်းအနားကို ကလေးသူငယ်များ အကျိုးဆောင်အဖွဲ့မှ ကြီးမှူးကျင်းပခဲ့ခြင်း ဖြစ်ပါသည်။ ယင်းအခမ်းအနားသို့ ရန်ကုန်မြို့ပေါ်ရှိ ကလေးသူငယ်များနှင့် တိုင်းနှင့် ပြည်နယ် အသီးသီးမှ လူမျိုးအလိုက် ဝတ်စုံဝတ်ဆင်ထားသော သံရုံးများမှ ကလေးသူငယ်များ လာရောက်ခဲ့ကြသည်။ ပန်းခြံအတွင်း သစ်ပင်များထက်၌ ရောင်စုံပူဖောင်းကလေးများ ချိတ်ဆွဲထားသည်။

mgyoe.com

mgyoe.com
SAMPLE BOOK


## တက်ရောက်ကြသူများ

အခမ်းအနားသို့ လူမှုဝန်ထမ်းဝန်ကြီး ဦးဘစော၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဗိုလ်မှူးအောင်၊ ကလေးလူငယ်အကျိုးဆောင်အဖွဲ့ ဥက္ကဋ္ဌ လူမျိုးစု လွှတ်တော်နာယက စဝ်ရွှေသိုက်၊ မြို့တော်ဝန် ဦးစိန်ဖေ၊ ဝန်ကြီး မန်းဘဆိုင်၊ မြူနီစီပါယ်မင်းကြီး ဦးထွန်းအုံ၊ ဗိုလ်ချုပ်ကတော် မဟာသီရိသုဓမ္မ ဒေါ်ခင်ကြည်နှင့် လူမှုဝန်ထမ်းဌာန အကြီးအကဲများ၊ ကလေးသူငယ်အဖွဲ့ အကြီးအကဲများ စုံညီစွာ တက်ရောက်ခဲ့ကြသည်။

## အခမ်းအနား စတင်ခြင်း

ကမ္ဘာ့ကလေးများနေ့ အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် လူမှုဝန်ထမ်းကော်မတီ အတွင်းရေးမှူး ဦးဘခင်က ဆောင်ရွက်ခဲ့သည်။ နံနက် ၇ နာရီခွဲအချိန်တွင် နာယက စဝ်ရွှေသိုက် ရောက်ရှိလာသောအခါ ရဲတပ်ဖွဲ့က ဘင်ခရာ တီးဝိုင်းဖြင့် စတင် တီးမှုတ်ဖျော်ဖြေပါသည်။ ထို့နောက် ကင်းထောက်လုလင်နှင့် ကင်းထောက်အမျိုးသမီးလေးများ ပါဝင်သော ကိုယ်ရံတော်တပ်ကို စစ်ဆေးပါသည်။ ပြီး စီး သော အ ခါ အခမ်းအနားကို နိုင်ငံတော်သီချင်းဖြင့် ဖွင့်လှစ်လိုက်သည်။ ယင်းနောက် ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများအား နှစ်မိနစ် ငြိမ်ကာ အလေးပြုကြသည်။


ကလေးသူငယ် စောင့်ရှောက်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည်

mgyoe.com

mgyoe.com
SAMPLE BOOK


**နိုင်ငံတော်သမ္မတ၏ သဝဏ်လွှာ**

နိုင်ငံတော်သမ္မတကြီး ဒေါက်တာဘဘိုး၏ သဝဏ်လွှာကို ကလေးသူငယ်များ အကျိုးဆောင်အဖွဲ့၏ အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဝန်ကြီးမန်းဘဆိုင်က ဖတ်ကြားခဲ့သည်။ ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်၏ သဝဏ်လွှာကို မြန်မာပြည်ကိုယ်စားလှယ် ဒေါ်ခင်ကြည်က ဖတ်ကြားခဲ့သည်။

**သဘာပတိ မိန့်ခွန်း**

သဘာပတိ စဝ်ရွှေသိုက်က မိန့်ခွန်းပြောကြားရာတွင် ယနေ့ ဤနေရာတွင် ကမ္ဘာ့ကလေးများနေ့ကို ကျင်းပပေးနိုင်သဖြင့် နိုင်ငံတော်အတွက် များစွာ ဝမ်းမြောက်ပါကြောင်း၊ ယနေ့ လူကြီးများ ကြိုးပမ်းအားထုတ်နေသည့် လုပ်ငန်းရပ်ကို တစ်ဆင့်ပြောင်းကာ ထမ်းဆောင်စေမည့် ကလေးသူငယ်များအား ချစ်မြတ်နိုးမှု၊ ယုယပြုစုမှုတို့၌လည်း လူမျိုးအသီးသီး၊ ဘာသာအယူဝါဒ အသီးသီးတို့သည် တူညီသောစေတနာ ထားကြရမည်ဖြစ်ကြောင်း၊ မိဘက သားသမီး၊ ဆရာက တပည့်များကို ချစ်မြတ်နိုးကြကြောင်း၊ ပြည်ထောင်စုတာဝန်နှင့် ကမ္ဘာ့တာဝန်တစ်ရပ်အဖြစ် ကလေးများအား လူမျိုးဘာသာ မခွဲခြားဘဲ ပြုစု စောင့်ရှောက်ကြရမည်ဖြစ်ကြောင်း စသည်ဖြင့် ပြောကြားခဲ့သည်။

**မြို့တော်ဝန် ဦးစိန်ဖေ၏ အမှာစကား**

မြို့တော်ဝန် ဦးစိန်ဖေက မိန့်ခွန်းပြောကြားရာတွင် ကလေးများ သားကောင်း ရတနာကလေးများ ဖြစ်လာကြပါစေ၊ လူကြီးမိဘများကလည်း ကလေးများကို ကျောသားရင်သား မခြားဘဲ ပြုစုနိုင်ပါစေဟု ဆုတောင်းပါကြောင်း စသည်ဖြင့် ပြောကြားခဲ့ပါသည်။ ကမ္ဘာ့ကလေးများနေ့ အခမ်းအနားသို့ လူမျိုးစုလွှတ်တော်နာယက စဝ်ရွှေသိုက်အပြင် ရန်ကုန်မြို့တော်ဝန် ဦးစိန်ဖေလည်း တက်ရောက် အမှာစကားပြောကြားခဲ့သည်မှာ ထူးခြားလှပါသည်။

mgyoe.com

mgyoe.com
SAMPLE BOOK


**အခွင့်အရေး ကြေညာစာတမ်း**

ကမ္ဘာ့ကလေးများနေ့ အခမ်းအနားတွင် ကမ္ဘာ့ကုလသမဂ္ဂမှ ထုတ်ပြန်သော ကလေးများ၏ အခွင့်အရေးကြေညာစာတမ်းကိုလည်း ဖတ်ကြားခဲ့ပါသည်။ ယင်းကြေညာစာတမ်း ဖတ်ကြားခဲ့သူမှာ ရန်ကုန်မြို့၊ မြို့နီစီပါယ်ဉာဏဖလကျောင်းမှ စတုတ္ထတန်းကျောင်းသား မောင်ဇေဒါ ဖြစ်သည်။

**ဆုတံဆိပ်ချီးမြှင့်ရေး အစီအစဉ်**

ယင်းနောက် အခမ်းအနားမှူး ဦးဘခင်က ဗိုလ်ချုပ်အောင်ဆန်းအထိမ်းအမှတ်တံဆိပ်ပေးအပ်ရန် အစီအစဉ်ကို ကြေညာပါသည်။ လာမည့် ၁၉၅၇ ခုနှစ်တွင် အသက် ၁၆ နှစ်အောက် ကလေးသူငယ်များအား ပညာကြိုးစားမှု၊ အကျင့်စာရိတ္တ ကောင်းမွန်မှု၊ ပရဟိတလုပ်ငန်းစိတ်ဓာတ်ရှိမှုအစရှိသော အချက်အလက်များအပေါ် အခြေခံ၍ ပညာရေးဝန်ကြီးဌာန၏ အကူအညီဖြင့် ဆုချီးမြှင့်သွားမည်ဖြစ်ကြောင်း ဖြစ်ပါသည်။ ဆုတံဆိပ်မှာ ရွှေတံဆိပ်ဆုဖြစ်ပြီး ဗိုလ်ချုပ်အောင်ဆန်း မွေးနေ့ အထိမ်းအမှတ်အဖြစ် ပေးအပ်မည် ဖြစ်သည်။

**စာပေပြိုင်ပွဲဆု**

အစီအစဉ်များကို ဆက်လက်ကျင်းပရာတွင် ပြန်ကြားရေးဌာန ကလေးရိပ်သာ၌ ကျင်းပခဲ့သော စာပေပြိုင်ပွဲမှ ဆုရရှိသော ကလေးများကို ဆုချီးမြှင့်ပါသည်။ စာပေပြိုင်ပွဲတွင် ကလေးသူငယ်များအား စာစီစာကုံးရေးသားသီကုံးစေခဲ့ပြီး ပြိုင်ပွဲဝင်စာများထဲမှ အကောင်းဆုံး စာစီစာကုံးများကို ဆုအဖြစ် သတ်မှတ်ချီးမြှင့်ပါသည်။ စာပေပြိုင်ပွဲဆုရရှိသူ ကလေးများကို မဟာသီရိသုဓမ္မ ဒေါ်ခင်ကြည်ကိုယ်တိုင် ဆုချီးမြှင့်ပေးခဲ့ပါသည်။

**ပျော်ပွဲရွှင်ပွဲများ**

ကမ္ဘာ့ကလေးများနေ့ အခမ်းအနားတွင် ပျော်ပွဲရွှင်ပွဲများကိုလည်း ထည့်သွင်း ကျင်းပခဲ့ကြသည်။ စိန့်ပေါလ်ကျောင်း (ယခု ဗိုလ်တထောင် အထက ၆) ဘင်ခရာအဖွဲ့က ဘင်ခရာဖြင့် တီးမှုတ်ဖျော်ဖြေသည်။ ထို့နောက်

mgyoe.com

mgyoe.com SAMPLE BOOK


နိုင်ငံပေါင်းစုံ အမျိုးသားဝတ်စုံ ဆင်မြန်းထားကြသည့် ကလေးသူငယ်များက ကပြဖျော်ဖြေကြသည်။ အခမ်းအနားသို့ တက်ရောက်လာကြသူ ကလေးသူငယ်များနှင့် ဧည့်သည်တော်များ အားလုံးကိုလည်း မုန့်၊ လက်ဖက်ရည်တို့ဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ ညနေပိုင်းတွင် ပျော်ပွဲရွှင်ပွဲများအဖြစ် မျက်လှည့်ပွဲ၊ အငြိမ့်၊ တီးဝိုင်းများဖြင့် ဖျော်ဖြေခဲ့ကြသည်။

**ကမ္ဘာ့ကလေးများနေ့**

ကမ္ဘာ့ကလေးများနေ့ အခမ်းအနားကို လွတ်လပ်ရေးရရှိပြီး နောက်ပိုင်းကာလတွင် မြန်မာနိုင်ငံ၌ စတင်ကျင်းပခဲ့ရာ၌ နိုင်ငံအများစုက ကမ္ဘာ့ကုလသမဂ္ဂမှ ထုတ်ပြန်သည့်အတိုင်း နှစ်စဉ် အောက်တိုဘာလ ပထမ တနင်္လာနေ့တွင် ကျင်းပကြသည်။ မြန်မာနိုင်ငံတွင် ၁၉၅၅ ခုနှစ် ကျင်းပစဉ်ကလည်း ထိုသို့ပင် ကျင်းပခဲ့သည်။ သို့သော် ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့ကြီးအနေဖြင့် နိုင်ငံအလိုက် သင့်တော်ရာနေ့တွင် ကျင်းပကြရန် ခွင့်ပြုခဲ့ရာ မြန်မာနိုင်ငံက ဗိုလ်ချုပ်အောင်ဆန်း မွေးနေ့ကို ကမ္ဘာ့ကလေးများနေ့အဖြစ် သတ်မှတ်ခဲ့ကြခြင်း ဖြစ်ပါသည်။



ဗိုလ်ချုပ်ကတော် မဟာသီရိသုဓမ္မဒေါ်ခင်ကြည်က
ကမ္ဘာ့ကလေးများနေ့ အခမ်းအနားတွင် ဆုရရှိသူ ကလေးများအား ဆုချီးမြှင့်နေစဉ်။

mgyoe.com

mgyoe.com SAMPLE BOOK


**တိမ်မြုပ်ပျောက်ကွယ်ခဲ့ခြင်း**

ကမ္ဘာ့ကလေးများနေ့ အခမ်းအနားကို ပါလီမန်ခေတ်တစ်လျှောက် ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့၌ နှစ်စဉ်ကျင်းပခဲ့သော်လည်း ၁၉၆၂ ခုနှစ်တွင် စစ်တပ်မှ အာဏာသိမ်းခဲ့ပြီးနောက် တစ်စတစ်စ မှေးမှိန်သွားခဲ့ရသည်။ မြန်မာ့လွတ်လပ်ရေး ဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်းအား လေးစားဂုဏ်ပြုသောအားဖြင့်လည်းကောင်း၊ အနာဂတ်၏ မျိုးဆက်သစ် လူငယ်ကလေးများအား အသိအမှတ်ပြုသောအားဖြင့်လည်းကောင်း ကမ္ဘာ့ကလေးများနေ့ အခမ်းအနားများအား ပါလီမန်ခေတ်ကကဲ့သို့ စည်ကားသိုက်မြိုက်စွာ ပြန်လည် ကျင်းပသင့်ကြပြီ ဖြစ်ပါသည်။

**ရည်ညွှန်း**

၁။ ဟံသာဝတီသတင်းစာ (၁၄–၂–၁၉၅၆)

mgyoe.com

mgyoe.com SAMPLE BOOK


# ထူးထူးခြားခြား သခင်များ

၁၃၀၀ ပြည့်အရေးတော်ပုံ ၇၅ နှစ်မြောက် စိန်ရတုသဘင် အထိမ်းအမှတ်ပွဲကြီး မကြာမီက ကျင်းပပြီးစီးခဲ့သည်။ ယင်းအခမ်းအနားက နယ်ချဲ့ အင်္ဂလိပ်ကို တွန်းလှန်အန်တုခဲ့ကြသည့် သခင်၊ သခင်မများအား ပြန်လည် အမှတ်ရဖွယ် ဖြစ်ပါသည်။ ယခုအခါ တို့ဗမာအစည်းအရုံးဝင် သခင် အရေ အတွက်က လက်ချိုးရေတွက်၍ ရသလောက်သာ ကျန်ပါတော့သည်။

**သခင်အစ**

'သခင်အစ၊ ဘသောင်းက'ဟု အဆိုရှိကြသည်။ တို့ဗမာ အစည်း အရုံးကို သခင်ဘသောင်းက စတင်တည်ထောင်ခဲ့သည်။ 'သခင်' ဟူသော ဘွဲ့ကို အမည်ရှေ့တွင် ထည့်သွင်းရန် စိတ်ကူးကို ကိုဘသောင်းက တောင် တွင်းကြီး ဝက်ကသေးရွာ ဆရာတော်ထံမှ ရခဲ့ခြင်းဖြစ်သည်။ကျောင်းထိုင် ဆရာတော် ဦးစန္ဒိမာသည် ရွာသူရွာသားများအားလုံးကို သခင်တပ်၍ ခေါ်စေ သည့်အပြင် နေအိမ်များတွင်လည်း သခင်အမည်ပါ ဆိုင်းဘုတ်များ ချိတ်ဆွဲ ထားစေခဲ့သည်။ ယင်းသို့ လုပ်ဆောင်စေခြင်းမှာ ရွာမှ တောင်တွင်းကြီး၊ နတ်မောက်၊ မကွေးမြို့များသို့ ရုံးပြင်ကနားကိစ္စ သွားရောက်သည့်အခါတိုင်း

mgyoe.com

mgyoe.com
SAMPLE BOOK


အောက်ခြေ အိန္ဒိယမင်းစေမှအစ အထက် ဗြိတိသျှအရာရှိများအဆုံး သခင်ထည့်၍ ခေါ်ဆိုရသဖြင့် ပြန်လည်အရွဲ့တိုက်ခြင်းဖြစ်သည် ဆိုပါသည်။

တောင်တွင်းကြီးနယ်သား ကိုဘသောင်းသည် တို့ဗမာအစည်းအရုံးကို စတင် တည်ထောင်သောအခါ အစည်းအရုံးဝင်များ အားလုံးကို သခင်ဘွဲ့ ခံယူစေခဲ့သည်။ တို့ဗမာအစည်းအရုံးဝင် သခင်များနှင့်ပတ်သက်၍ ထူးထူးခြားခြား တွေ့ရှိရပုံများကို ရှာဖွေ စုစည်း တင်ပြအပ်ပါသည်။

## သခင်ဘုန်းတော်ကြီးများ

သခင်များထဲတွင် ဘုန်းတော်ကြီးအချို့ပါဝင်ရာ သခင်ဦးကုမာရ၊ သခင်ဦးကေသရတို့မှာ ထင်ရှားပါသည်။ သခင်ဦးကုမာရသည် နယ်လှည့်ကာ နိုင်ငံရေးတရားများ ဟောကြားခဲ့သည့်ဆရာတော် ဖြစ်သည်။(၂၃–၁၂–၁၉၃၉) တွင် ပျဉ်းမနားမြို့ သမဂ္ဂ သပိတ်ကျောင်းသားများအတွက် ဖွဲ့စည်းထားသော စောင့်ရှောက်ရေးအဖွဲ့က တရားပွဲကျင်းပစဉ် သွားရောက် ဟောပြောခဲ့ရသည်။ ထိုစဉ်က ဂဠုန်ဦးစော အကျဉ်းချထားခြင်းခံရသည်မှာ ချီးကျူးစရာမဟုတ်ကြောင်း ဟောပြောရာမှ မျိုးချစ်ပါတီဝင် ဂဠုန်တပ်သားများနှင့် ပြဿနာအချို့ ပေါ်ပေါက်ခဲ့သည်။

သခင်ဦးကေသရသည် တို့ဗမာအစည်းအရုံးတွင် အရေးပါသော ဆရာတော်တစ်ပါးဖြစ်ပြီး (၁၈–၁–၁၉၃၉) ညနေ ၃ နာရီတွင် ဗားကရာကျောင်းတိုက်အနီး၌ ရန်ကုန် လုံခြုံရေး လက်တလော ဥပဒေအရ ပုလိပ်များ၏ ဖမ်းဆီးခြင်းကို ခံခဲ့ရသည်။ သခင်ဦးကေသရသည် ကျောင်းသား မိဘများထံ လိုက်လံကြွရောက်ကာ ကျောင်းမတက်ဘဲ သပိတ်မှောက်ကြရန် လိုက်လံဆော်ဩခဲ့သည် ဆိုပါသည်။ ထို့ပြင် သခင်အောင်ဆန်းတို့အား ရွှေတိဂုံစေတီတော် မော်လမြိုင်ဇရပ်၌ ဖမ်းဆီးစဉ် ပူပူနွေးနွေး အကျဉ်းထောင်မှ ထွက်လာသော သခင်ဦးအာစရလည်း သခင်အောင်ဆန်းတို့နှင့် အတူ ဖမ်းဆီးခံခဲ့ရသည်။

## မက်ဆိုပိုတေးမီးယားစစ်ပွဲပြန် သခင်ဘိုးလှကြီး

ရေနံမြေသပိတ်ခေါင်းဆောင် သခင်ဘိုးလှကြီးသည် ပထမကမ္ဘာစစ်

mgyoe.com

mgyoe.com SAMPLE BOOK


အတွင်းက ကရိုင်းမီးယား စစ်မြေပြင်၌ စစ်သားတစ်ဦးအဖြစ် ၃ နှစ် အမှုထမ်းခဲ့သူ ဖြစ်သည်။ စစ်မှုထမ်းစဉ်အတွင်း မျက်နှာဖြူ အကြပ်တစ်ယောက်အား မြန်မာ့လက်ဝှေ့ဖြင့် အနိုင်ယူ ထိုးသတ်ခဲ့ဖူးပါသည်။ ရေနံမြေတွင် အမှုထမ်းစဉ်အတွင်း စတိုစာရေးကြီး ဦးညီခင်၏သမီး မညွန့်နှင့် လက်ဆက်ခဲ့ရာ မညွန့်၏မိဘများက သဘောမတူသဖြင့် အမွေပြတ် ကြေညာခံခဲ့ရသည်။ သားသမီး ၆ ဦး ထွန်းကားခဲ့ရာ မောင်အောင်သန်း၊ ကြင်ကြင်ဝေ၊ မလှသန်း၊ မောင်တင်အောင်၊ မောင်သန်းပြုံး၊ တင်တင်အေးတို့ ဖြစ်ကြသည်။ယခုအခါ ဒုတိယသမီး ဒေါ်ကြင်ကြင်ဝေ (၈၄ နှစ်) မှာ သက်ရှိထင်ရှား ရှိနေဆဲ ဖြစ်ပါသည်။

သခင်ဘိုးလှကြီး၏ လည်ပင်းထက်တွင် သံကြိုးဆွဲထားသည်ဟု အထင်ရှိကြသော်လည်း စင်စစ်အားဖြင့် သပိတ်တပ် ချီတက်စဉ် ဝိစီချိတ်ဆွဲရန် ဂုန်နီအိတ်ကြိုး ဆွဲထားသည်ကို မသင့်တော်သဖြင့် ဇနီးဖြစ်သူက သိုးမွေးကြိုး ထိုးပေးလိုက်ခြင်းသာ ဖြစ်ပါသည်။



အငှာဝက သခင်ဘိုးလှကြီး

**အိမ်ရှေ့စံ ကနောင်မင်းသားကြီး မြေးတော်**

တို့ဗမာအစည်းအရုံး ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သူ သခင်ထိပ်တင်ကိုယ်တော်ကြီးမှာ အိမ်ရှေ့စံ ကနောင်မင်းသားကြီး၏ မြေးတော်ရင်း ဖြစ်သည်။ အိမ်ရှေ့စံ ကနောင်မင်းသားကြီး၏သမီးတော် ထိပ်ခေါင်တင်အေးမှ ဖွားမြင်သူဖြစ်ပြီး သီပေါမင်း၏ တတိယသမီးတော်နှင့် လက်ဆက်ခဲ့သဖြင့် သီပေါမင်း၏သမက်လည်း ဖြစ်ပါသည်။ မင်းမျိုးမင်းနွယ်များထဲမှ ရှားရှားပါးပါး သခင်တစ်ဦးဖြစ်ပြီး တို့ဗမာအစည်းအရုံး၏ ဥက္ကဋ္ဌ (နောင်တွင် နာယက) အဖြစ် တာဝန်ယူခဲ့သည်။

mgyoe.com

mgyoe.com
SAMPLE BOOK




သခင် ထိပ်တင်ကိုယ်တော်ကြီး

## သခင် သားအဖ

သခင်နု(နောင် ဝန်ကြီးချုပ် ဦးနု)အား (၁၁-၁-၁၉၃၉)နံနက်ပိုင်းတွင် ဗြိတိသျှအစိုးရက ဖမ်းဆီးလိုက်သည့်အတွက် ဇာတိဖြစ်သော ဝါးခယ်မမြို့ တို့ဗမာအစည်းအရုံးက ချီးကျူးဂုဏ်ပြုပွဲတစ်ရပ်ကို ဇန်နဝါရီလ ၁၃ ရက်နေ့ ည ၇ နာရီတွင် ပုညကောသလ္လ တန်ဆောင်း၌ ကျင်းပခဲ့သည်။ ယင်းအခမ်းအနားသို့ ပရိသတ်ငါးရာခန့် တက်ရောက်ခဲ့ပြီး သခင်နု၏ဖခင် ဦးစံထွန်းအား သဘာပတိအဖြစ် တင်မြှောက်ခဲ့သည်။ ယင်းအစည်းအဝေး၌ ဦးစံထွန်းကိုပင် ဝါးခယ်မ တို့ဗမာအစည်းအရုံး ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခဲ့ရာ ဦးစံထွန်းမှာ သခင်စံထွန်း ဖြစ်သွားတော့သည်။

mgyoe.com

mgyoe.com SAMPLE BOOK


**သပိတ်တပ်သားသခင် ကွယ်လွန်ခြင်း**

ရေနံမြေသပိတ်တပ်ကြီး ချောက်မြို့မှ ရန်ကုန်သို့ ရောက်ရှိလာခဲ့ပြီး နောက် ရွှေတိဂုံစေတီ အရှေ့ဘက်စောင်းတန်း၌ တည်းခိုနေထိုင်ကြစဉ် အသက် ၂၇ နှစ်အရွယ်ရှိ ချောက်မြို့မှ လိုက်ပါလာသော သခင်အောင်ခင်မှာ (၂၀၊ ၁၊ ၁၉၃၉) နံနက် ၁၁ နာရီတွင် ဦးစံလင်း ဒေါ်ဒွေးဇရပ်၌ အဖျားရောဂါဖြင့် ကွယ်လွန်ခဲ့သည်။ သို့ဖြင့် ရုပ်ကလာပ်ကို ဘုရားခြေရင်း စတုဒိသာဇရပ်သို့ ရွှေ့ပြောင်းကာ ဇန်နဝါရီလ ၂၂ ရက်နေ့တွင် သင်္ဂြိုဟ်ခဲ့သည်။ မူလက ကြံတောသုသာန်တွင် သင်္ဂြိုဟ်ရန်ဖြစ်သော်လည်း စစ်ပုလိပ်များ စောင့်ကြပ်နေမှုကြောင့် တာမွေသုသာန်သို့ ပြောင်းရွှေ့သင်္ဂြိုဟ်ခဲ့ရသည်။

**အိန္ဒိယနိုင်ငံသား သခင်များ**

သခင်များထဲတွင် မြန်မာပြည်ဇာတိမဟုတ်သော အိန္ဒိယတိုင်းသား သခင်အချို့ ရှိခဲ့ဖူးပါသည်။ ထင်ရှားသော သခင်များမှာ သခင်ဆင်းဂုတ္တား၊ သခင်နာရန်းဆင်း၊ သခင်နိုင်ရီဒူး စသူတို့ ဖြစ်ကြသည်။ ကိုလိုနီခေတ်တွင် မြန်မာပြည်နှင့် အိန္ဒိယပြည်တို့ လွတ်လပ်ရေးကြိုးပမ်းကြရာ၌ အဆက်အစပ်ရှိခဲ့ကြရာ အိန္ဒိယနိုင်ငံသား သခင်များ တို့ဗမာအစည်းအရုံးဝင် ဖြစ်နေကြခြင်း ဖြစ်ပါသည်။ သခင်ဆင်းဂုတ္တားသည် ဆေးကျောင်းသားတစ်ဦး ဖြစ်ခဲ့ပြီး ဆေးကျောင်း တက်နေစဉ်တွင်ပင် နိုင်ငံရေးလှုပ်ရှားမှုများတွင် ပါဝင်မှုဖြင့် ဗြိတိသျှအစိုးရက သူ့ကို ခြေချုပ်ဥပဒေဖြင့် ဖမ်းဆီးကာ မန္တလေးထောင်သို့ ပို့ခဲ့သည်။ ထောင်မှ လွတ်လာသောအခါ ပညာဆက်မသင်တော့ဘဲ တို့ဗမာအစည်းအရုံးသို့ ဝင်ရောက်ခဲ့ခြင်း ဖြစ်သည်။

သခင်နာရန်းဆင်းမှာ သန်လျင် ဘီအိုစီမှ သခင်တစ်ဦးဖြစ်ပြီး ၁၃၀၀ ပြည့် အရေးတော်ပုံတွင် ကြိုတင်ပါဝင် သပိတ်မှောက်ခဲ့သူ ဖြစ်သည်။ ထို့အတူ သခင်နိုင်ရီဒူးမှာလည်း ဝေါမြို့ တောင်သူလယ်သမားခေါင်းဆောင် တစ်ဦးဖြစ်ကြောင်း ဆိုပါသည်။ ရေနံမြေ သခင်ခ သည်လည်း အိန္ဒိယနွယ်ဖွားတစ်ဦး ဖြစ်သည်။ မိဘများက အိန္ဒိယနိုင်ငံသားများ ဖြစ်ကြသော်လည်း သူ့ကို မြန်မာလူမျိုးတစ်ဦးအဖြစ်သာ အသိအမှတ်ပြုကြသည်။

mgyoe.com

mgyoe.com
SAMPLE BOOK


## သခင်မများ

တို့ဗမာအစည်းအရုံးတွင် ရဲရဲတောက် အမျိုးသမီးသခင်မများ အများအပြား ပါဝင်ပါသည်။ ထင်ရှားသော သခင်မအချို့မှာ သခင်မ ဒေါ်ဆယ်၊ သခင်မ ဒေါ်သန်း (ထောင် ၃ လ ကျခဲ့သူ)၊ သခင်မ မအေး(အရေးပိုင်ကို ပါးရိုက်သူ)၊ သခင်မ မအေး (ရွာဟောင်း)၊ သခင်မ မညို၊ သခင်မ မပု၊ သခင်မ မသိန်းတင် စသူတို့ ဖြစ်ကြသည်။

## အနုပညာရှင် သခင်များ

'အရေးကြီးက သွေးနီးရာ' ဆိုသကဲ့သို့ တိုင်းပြည်အတွက် လိုအပ်လာချိန်တွင် စာပေ၊ ဂီတ၊ အနုပညာရှင်များ အမျိုးသားရေးအတွက် ကြိုးပမ်း ဆောင်ရွက်ခဲ့ကြသည်။


သခင်မ စိန်ပါတီ

စာပေနယ်မှ ထင်ရှားသော သခင်စာရေးဆရာအချို့မှာ သခင် ကိုယ်တော်မှိုင်း၊ သခင်သိန်းဖေ (သိန်းဖေမြင့်)၊ သခင်နု၊ သခင် ခင်မောင်ဦး (ရဲဘော် သုံးကျိပ်ဝင် ဗိုလ်တာရာ)၊ သခင် ခင်ဇော်၊ သခင်မြသန်း၊ သခင်တင်မြ စသူတို့ ဖြစ်ကြသည်။ ဂီတနယ်မှ ထင်ရှားသော သခင်အချို့မှာ သခင်ချင်းစိန် (ရွှေညာမောင်)၊ သခင်အုန်းဆိုင် (ရွှေတိုင်ညွန့်)၊ သခင် စိမ်းမောင် (ဂီတာစိမ်းမောင်)၊ ဝိုင်အမ်ဘီ သခင်တင်၊ ဒဂုန် သခင်တင် (ဒဂုန် ဆရာတင်)၊ သခင်မ စိန်ပါတီ စသူတို့ ဖြစ်ကြသည်။

## ရုပ်ရှင်နယ်မှ သခင်များ

သခင်အောင်ဆန်း (ဗိုလ်ချုပ်အောင်ဆန်း) ကိုယ်တိုင် ရုပ်ရှင် ဂီတအနုပညာကို ဝါသနာပါသူဖြစ်ရာ တက္ကသိုလ်ကျောင်းသားဘဝ တက္ကသိုလ်ကျောင်းသားသမဂ္ဂတွင် တာဝန်ယူစဉ်အတွင်း 'ဘိုင်ကော့တာ' အမည်ရှိ

mgyoe.com

mgyoe.com
SAMPLE BOOK


ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ခဲ့ဖူးပါသည်။ ယင်းဇာတ်ကားတွင် ကိုနု (နောင် ဝန်ကြီးချုပ် သခင်နု)လည်း ပါဝင်သရုပ်ဆောင်ခဲ့သည်။တို့ဗမာ အစည်းအရုံး တည်ထောင်ဖွဲ့စည်းပြီးချိန်တွင်လည်း ရုပ်ရှင်နယ်မှ သရုပ်ဆောင်အချို့ ဝင်ရောက်ခဲ့ဖူးပါသည်။

**ကျမ်းကိုး**

၁။ ၁၃၀၀ ပြည့် အရေးတော်ပုံ ၇၅ နှစ်မြောက် စိန်ရတုအထိမ်းအမှတ် မဂ္ဂဇင်း

၂။ မြန်မာ့နိုင်ငံရေးသမိုင်း (ဦးလေးမောင်)

mgyoe.com

mgyoe.com SAMPLE BOOK



# နန်းရင်းဝန်နှင့် မျိုးချစ်စိတ်ဓာတ်

ဗိုလ်ချုပ်အောင်ဆန်းတို့အား လုပ်ကြံခဲ့သည့် တရားခံများအနက် နံပါတ် ၁ ဖြစ်ခဲ့သူ ဂဠုန်ဦးစောသည် တစ်ကြိမ်က နန်းရင်းဝန်ရာထူး ရရှိခဲ့ဖူးပါသည်။ ဂဠုန်ဦးစောသည် ပင်ကိုအားဖြင့် အရည်အချင်းရှိသူတစ်ဦး ဖြစ်ပါသည်။ သို့သော် ယင်းအရည်အချင်းကို ကောင်းသည့် ဘက်တွင် အသုံးမချခဲ့သဖြင့် နာမည်ဆိုးဖြင့် ဘဝကို အဆုံးသတ်ခဲ့ရသည်။ သူ၏ မျိုးချစ်စိတ်ဓာတ် အရင်းခံကို နန်းရင်းဝန်ဘဝတွင် အထင်အရှား တွေ့ရှိခဲ့ရသည်။



နန်းရင်းဝန် ဂဠုန်ဦးစော

**တတိယတန်း ရှေ့နေကလေး**

ဂဠုန် ဦးစောသည် ကြို့ပင်ကောက်မြို့ ရိမန်ကက်သလစ် သာသနာပြုကျောင်းမှ ၆ တန်းသာ အောင်

mgyoe.com

mgyoe.com SAMPLE BOOK


မြင်ခဲ့ဖူးသူ ဖြစ်သည်။ သို့သော် သူက အင်္ဂလိပ်စာကို အထူးလေ့လာခဲ့သည်။ ကာလကတ္တားသို့ပင် သွားရောက် သင်ယူခဲ့ဖူးသည် ဆိုပါသည်။ သူသည် ၁၉၂၇ ခုနှစ်တွင် နောက်ဆုံးအသုတ် ခေါ်ယူခဲ့သည့် တတိယတန်း ရှေ့နေခေါ် အောက်တန်းရှေ့နေစာမေးပွဲ ဝင်ရောက်ဖြေဆိုရာမှ အောင်မြင်ခဲ့သူ ဖြစ်သည်။

**ဂဠုန်မောင်စော**

အတန်းပညာဖြင့် ဘွဲ့မရခဲ့သော်လည်း တတိယတန်း ရှေ့နေကလေး ဖြစ်လာသည့် ဦးစောသည် ဂဠုန်ဆရာစံ အရေးတော်ပုံဖြစ်ပွားပြီး ဆရာစံအား သာယာဝတီမြို့တွင် အထူးခုံရုံးဖွင့်ကာ စစ်ဆေးနေစဉ် ဆရာစံဘက်မှ ရှေ့နေလိုက်ခဲ့သည်။ သို့ဖြင့် နိုင်ငံရေးလောကဥ္စ နာမည်ထင်ရှားလာခဲ့သည်။ ဦးစောသည် ဥပဒေပြုကောင်စီတွင် ဗြိတိသျှအစိုးရအပေါ် အပြင်းအထန် ဝေဖန်ကန့်ကွက်ခဲ့သည့်အပြင် ဂဠုန်ဆရာစံ တောင်သူလယ်သမား အရေးတော်ပုံ စာအုပ်ကိုလည်း အင်္ဂလိပ်ဘာသာဖြင့် ရိုက်နှိပ်ကာ အင်္ဂလန်နှင့် ဂျပန် နိုင်ငံများသို့ ပေးပို့ခဲ့သည်။

ဂဠုန်ဆရာစံအပေါ် အကြောင်းပြု၍ ထင်ရှားလာသော ဦးစောအား အင်္ဂလိပ်အစိုးရ ပြည်ထဲရေးဌာန အတွင်းဝန်ချုပ် မစ္စတာဂရေဗလီက 'ခင်ဗျား ဂဠုန်မောင်စော ဖြစ်လာပါပြီ'ဟု ပြောကြားခဲ့ရာမှ နောက်ပိုင်း ဂဠုန်ဦးစော ဟု အမည်တွင်ခဲ့သည်။

**နိုင်ငံရေးလောကသို့**

ဂဠုန်ဦးစောသည် ၁၉၂၇ ခုနှစ်ကပင် ဒိုင်အာခီ ရွေးကောက်ပွဲ၌ သာယာဝတီတောင်ပိုင်း မဲဆန္ဒနယ်မှ အနိုင်ရရှိကာ ဥပဒေပြု လွှတ်တော် အမတ်ဖြစ်ခဲ့သူ ဖြစ်သည်။ ၁၉၂၉ ခုနှစ်တွင်လည်း ဝါရင့်နိုင်ငံရေးသမားကြီး သာယာဝတီဦးပုကို အနိုင်ရကာ လွှတ်တော်အမတ်အဖြစ် အရွေးခံခဲ့ရသည်။ ၁၉၃၆ ခုနှစ်တွင် သတင်းစာလောက၌ ဩဇာလွှမ်းမိုးမှုရှိသော သူရိယ သတင်းစာတွင် ရှယ်ရာများစွာ ဝယ်ယူကာ ဒါရိုက်တာအဖွဲ့ဝင် ဖြစ်ခဲ့သည်။ ၁၉၃၇ ခုနှစ်တွင် မျိုးချစ်ပါတီကို ဖွဲ့စည်းတည်ထောင်ခဲ့သည်။ ထို့နောက် ၁၉၃၈ ခုနှစ်တွင် သူရိယသတင်းစာ အယ်ဒီတာချုပ်ဖြစ်လာကာ သတင်းစာ

mgyoe.com

mgyoe.com
SAMPLE BOOK


မူဝါဒများကို ပြောင်းလဲချုပ်ကိုင်ခဲ့သည်။

**နန်းရင်းဝန်ဘဝ**

ဂဠုန်ဦးစောသည် ၁၉၃၈ ခုနှစ်၊ ဩဂုတ်လတွင် နန်းရင်းဝန် ဒေါက်တာဘမော် ဦးဆောင်သော ညွန့်ပေါင်းအစိုးရအပေါ် ကန့်ကွက်မှုပြု ခဲ့ပြီး အောက်လွှတ်တော် အစည်းအဝေး၌ အယုံအကြည်မရှိအဆို တင်သွင်း ခဲ့သည်။ မဲခွဲ ဆုံးဖြတ်သောအခါ ဂဠုန်ဦးစော ရှုံးနိမ့်ခဲ့ရသော်လည်း ၁၁၊ ဖေဖော်ဝါရီ၊ ၁၉၃၉ တွင် နောက်တစ်ကြိမ် တင်သွင်းသောအခါ ဒေါက်တာ ဘမော် ညွန့်ပေါင်းအစိုးရ ပြုတ်ကျသွားသည်။

ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် ဦးပု ညွန့်ပေါင်းအစိုးရ တက်လာ ခဲ့သည်။ ဂဠုန်ဦးစောသည် ယင်းအစိုးရအဖွဲ့တွင် သစ်တောရေးနှင့် လယ်ယာ စိုက်ပျိုးရေးဝန်ကြီးအဖြစ် ပါဝင်ခဲ့သည်။ သို့သော် တစ်နှစ်ကျော်အကြာ ၉၊ စက်တင်ဘာ၊ ၁၉၄၀ တွင် ဦးပုအစိုးရကို ဖြုတ်ချကာ ဂဠုန်ဦးစော နန်းရင်းဝန် ဖြစ်လာခဲ့သည်။



နန်းရင်းဝန် ဂဠုန်ဦးစော အင်္ဂလိပ်ပြည်သို့ရောက်ရှိစဉ်။

mgyoe.com

mgyoe.com SAMPLE BOOK


**ဘုရင်ခံ၏ နယ်လှည့်ခရီးစဉ်**

ဂျွန်ဦးစော နန်းရင်းဝန်ဘဝတွင် မြန်မာပြည်ဘုရင်ခံ အထက်မြန်မာပြည်သို့ နယ်လှည့်ခရီး ထွက်ခွာလာခဲ့သည်။ ထိုစဉ်က ရွှေဘိုမြို့သို့ ဘုရင်ခံ လာရောက်မည်ဖြစ်ရာ မြို့ပိုင်၊ နယ်ပိုင်၊ အရေးပိုင်တို့က ဧည့်ဝတ်ကျေပွန်ရေးအတွက် ကြိုတင်ပြင်ဆင်ကြရသည်။ မျက်နှာဖြူ အာဏာပိုင်များက ဘုရင်ခံကို မျက်နှာလုပ်ကာ ထိုခေတ်ကာလ ထင်ရှားသော လေဘာတီ မမြရင် အငြိမ့်ဖြင့် ဧည့်ခံဖျော်ဖြေရန် စီစဉ်ခဲ့ကြသည်။ သို့ဖြင့် အငြိမ့်အဖွဲ့ခေါင်းဆောင် နန်းတော်ရှေ့ ဆရာတင်လည်း ရွှေဘိုသို့ လိုက်ပါလာခဲ့ရသည်။

**အလောင်းမင်းတရား သင်္ချိုင်းဂူ**

နန်းတော်ရှေ့ဆရာတင်က အချိန်ကောင်းစွာရသည်မို့ ရွှေဘိုမြို့တွင်း လှည့်လည်ကြည့်ရှုခဲ့သည်။ ထိုစဉ် မြန်မာဘုရင် အလောင်းမင်းတရားကြီး၏ အုတ်ဂူသင်္ချိုင်းမှာ ချုံနွယ်ပိတ်ပေါင်းများအကြား ဖုန်အလိမ်းလိမ်း တက်နေသည်ကို တွေ့ရလေသည်။ အင်္ဂလိပ်အစိုးရက နာမ်နှိမ်သည့်အနေဖြင့် အကျဉ်းထောင်နှင့် အရေးပိုင်ရုံးတို့ကိုလည်း အုတ်ဂူအနီးတွင် တည်ဆောက်ထားပါသည်။ မြန်မာ့ဥသျှောင် တတိယ မြန်မာနိုင်ငံတော်ကြီးကို တည်ထောင်ခဲ့သည့် အလောင်းမင်းတရားကြီး၏ သင်္ချိုင်းဂူအား တွေ့မြင်ရပြီးနောက် နန်းတော်ရှေ့ဆရာတင် စိတ်နှလုံး မချမ်းမြေ့ဖွယ် ခံစားခဲ့ရသည်။

**ဒုတိယပြည်ရွှေဘိုသီချင်း**

နန်းတော်ရှေ့ဆရာတင်သည် ရင်တွင်းမှ ခံစားချက်များကို တေးစာသားများဖြင့် အစားထိုးလိုက်၏။ သူက 'ဒုတိယပြည်ရွှေဘို' အမည်ဖြင့် သီချင်းရေးဖွဲ့ သီကုံးခဲ့သည်။ 'နှလုံးအသည်းက နာလှ အကြောင်းမဖော်ချင်ပါသဗျို့၊ ရုံးထဲက ဈာပနအလောင်းတော် အမှန်ယုံကြပါ၊ မြန်မာ ဇာတိပေမို့၊ ဟို ရန်ကုန်က လာကြည့်တာတောင်၊ အထက်ပြည်ရွှေဘိုမှာတော့၊ မျက်ရည်တွေတွေ ယိုကာစီး' စသည်ဖြင့် နန်းတော်ရှေ့ဆရာတင်က ရေးဖွဲ့ခဲ့သည်။ နန်းတော်ရှေ့ဆရာတင်က ဒုတိယပြည်ရွှေဘို သီချင်းကို လေဘာတီ

mgyoe.com

mgyoe.com
SAMPLE BOOK


မမြရင် အငြိမ့်၌ မောင်စံဘဆိုသူအား စင်မြင့်ထက်မှ ကပြရင်း သီဆိုစေခဲ့သည်။

## နန်းရင်းဝန်ထံသို့

မကြာမီ နန်းရင်းဝန် ဂဠုန်ဦးစောထံသို့ အစီရင်ခံစာနှစ်စောင် ရောက်ရှိလာခဲ့သည်။တစ်စောင်က ရွှေဘိုအရေးပိုင်ကိုယ်တိုင် ရေးပို့လိုက်ခြင်းဖြစ်ပြီး ကျန်တစ်စောင်က ပုလိပ်မင်းကြီးထံမှ ဖြစ်သည်။ စာနှစ်စောင်စလုံးကို ပူးတွဲပို့လိုက်ခြင်း ဖြစ်သည်။ ပုလိပ်မင်းကြီး စာတွင် 'ငှင်းနန်းတော်ရှေ့ ဆရာတင်ဆိုသူသည် ဂျူဗလီဟော အလှူပွဲတွင် စစ်သူကြီးဗန္ဓုလအသွင် ဝတ်စားဆင်ယင် ဓားလွတ်ကိုင်စွဲကာ ရေးတုန်းက အချိန်တွေ တို့ပြည် တို့ပြည်၊ ဗန္ဓုလ မဟာဆွေ၊ ကမ္ဘာကြေသော်လည်း မြန်မာတွေ ဥဒါန်းမကြေ ဟူသော ဗန္ဓုလသီချင်းကို ဒေါမာန်ပါပါနှင့် ဖနောင့်ဆောင့်၍ သီဆိုမှုကြောင့် ကျွန်ုပ်ကိုယ်တိုင် 'မောင်မင်း တိုင်းသူပြည်သားတွေ သူပုန်ထအောင် နှိုးဆွတာလား'ဟု ခေါ်ယူစစ်ဆေးပြီး ကောင်းစွာနေထိုင်ရန် သတိပေးထားခဲ့ရသူ ဖြစ်ပါသည်'ဟူ၍ ရေးသားဖော်ပြထားပါသည်။


နန်းတော်ရှေ့ ဆရာတင်

## ရွှေဘိုအရေးပိုင်၏ အစီရင်ခံစာ

နန်း ရင်း ဝန် ဂ ဠုန် ဦးစောထံသို့ ရောက်ရှိလာသည့် ရွှေဘိုအရေးပိုင်၏ အစီရင်ခံစာတွင် 'ဘုရင်ခံအား လေဘာတီမမြရင် အငြိမ့်ဖြင့် ဂုဏ်ပြု ညှော့ ခံ သည့် ည က မောင်စံဘဆိုသူ သီဆိုခဲ့သော

mgyoe.com

mgyoe.com SAMPLE BOOK


သီချင်းကြောင့် ဘုရင်ခံ မျက်နှာပျက် အရှက်ရသွားခဲ့ပါသည်။ ထိုသီချင်းမှာ နန်းတော်ရှေ့ဆရာတင် ရေးသောသီချင်း ဖြစ်ပါသည်။ ၎င်းမှာ ကျွန်ုပ်တို့၏ နေမဝင် အင်ပါယာကြီးကို ဆန့်ကျင်နေကြသော မြန်မာ လူဆိုးဓားပြများကို အငြိမ့်စင်ပေါ်မှတစ်ဆင့် တေးသီချင်းများဖြင့် သွေးထိုးလှုံ့ဆော်နေသူဖြစ်၍ အင်ပါယာကြီးအတွက် အလွန်အန္တရာယ်ရှိသူ ဖြစ်ပါသည်' စသည်ဖြင့် ပါရှိပါသည်။ နန်းတော်ရှေ့ ဆရာတင်သည် ယင်းသီချင်းကိုပင် မရှေးမနှောင်း ကာလ၌ ရေဒီယိုမှ အသံလွှင့်ခဲ့သေး၏။

**ခေါ်ယူတွေ့ဆုံခြင်း**

နန်းရင်းဝန် ဂဠုန်ဦးစောသည် ပုလိပ်မင်းကြီးနှင့် ရွှေဘိုအရေးပိုင်တို့၏ အစီရင်ခံချက်များကြောင့် နန်းတော်ရှေ့ဆရာတင်အား ခေါ်ယူတွေ့ဆုံရတော့သည်။ ယင်းသို့တွေ့ဆုံစဉ် နန်းတော်ရှေ့ဆရာတင်က 'ကျွန်တော်ဒီ ဒုတိယပြည်ရွှေဘို သီချင်းကို အကြောင်းမဲ့ရေးတာ မဟုတ်ပါဘူး။ နန်းရင်းဝန် စဉ်းစားကြည့်ပါ။ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျဆိုတာ တတိယ မြန်မာနိုင်ငံနဲ့ ကုန်းဘောင်မင်းဆက်ကို တည်ထောင်ခဲ့တဲ့ မြန်မာ့သားကောင်း အာဇာနည်တစ်ယောက်ပါ။ သူ့ခေတ်တုန်းကဆိုရင် မြန်မာနိုင်ငံကို အိမ်နီးချင်းနိုင်ငံတွေကတောင် ခံ့ညားခဲ့ရတာ မဟုတ်လား။ အခု ရွှေဘိုက သူ့ဂူသင်္ချိုင်း ပြာသာဒ်ဟာ အင်္ဂလိပ် မျက်နှာဖြူတွေ ဆောက်တဲ့ အရေးပိုင်ရုံးဝင်းထဲ ရောက်နေရုံတင်မကဘူး။ အကျဉ်းထောင်နဲ့လည်း သိပ်နီးကပ်နေတယ်။ ဒီအခြေအနေအရ အလောင်းဘုရားဆိုတဲ့ သူ့ဂုဏ်ဒြပ်နဲ့ သူ့ဂူသင်္ချိုင်း တည်နေပုံဟာ 'ဘဝင်နဲ့ နရက်'လို ဖြစ်နေတယ်။သာမန်လူ တစ်ယောက်ရဲ့ အုတ်ဂူလောက်တောင် ခံ့ညားမှုမရှိဘူး။ ပြီးတော့ ချုံနွယ် တွေအကြားမှာ ဖုန်အထပ်ထပ်နဲ့ ညစ်ပေရေနေတာပဲ။ ဒါကြောင့် ရုံးထဲက ဈာပနအလောင်းတော် အုတ်ဂူဟာ ဖုန်ထီးဖြူဆောင်းပြီး ဖုန်ညီလာခံနေတဲ့ အကြောင်း တိုင်းပြည်ကသိသွားအောင် တမင်ရေးလိုက်တာ' စသည်ဖြင့် ရှင်းလင်းပြောကြားခဲ့သည်။

mgyoe.com

mgyoe.com
SAMPLE BOOK


**နန်းရင်းဝန်၏ မျိုးချစ်စိတ်ဓာတ်**

နန်းတော်ရှေ့ဆရာတင်က ထိုသို့ ရှင်းပြလိုက်သောအခါ နန်းရင်းဝန် ဂဠုန်ဦးစောက ကောင်းစွာသဘောပေါက်ကာ ဆရာတင်အပေါ် လက်ခံခွင့်လွှတ်လိုက်လေသည်။ ဂဠုန်ဦးစောက သူကိုယ်တိုင် ရွှေဘိုသို့ တစ်ကြိမ်မက ရောက်ခဲ့ဖူးကြောင်း၊ နန်းတော်ရှေ့ ဆရာတင် ပြောသကဲ့သို့ပင် အလောင်းဘုရား၏ အုတ်ဂူကို ဖုန်အလိမ်းလိမ်းတက်လျက် ချုံနွယ်ပိတ်ပေါင်းများအကြား မြင်တွေ့ခဲ့ရကြောင်း ဆိုပါသည်။ ထို့နောက် နန်းတော်ရှေ့ ဆရာတင်အား အရေးယူမှုမပြုတော့ဘဲ လွတ်ငြိမ်းခွင့် ပြုလိုက်လေတော့သည်။

**ကျမ်းကိုး**

၁။ မြန်မာလူကျော် ၁၀၀ (မောင်ဇေယျာ)

၂။ ဂီတ ကြွေ့ခန်းပျော်များ (မှော်ဝန်းကြည်မြတ်)

mgyoe.com

mgyoe.com
SAMPLE BOOK


## စစ်တမ်းမှ သန်းခေါင်စာရင်းသို့

မြန်မာနိုင်ငံ၏ သန်းခေါင်စာရင်း အစဖြစ်သော စစ်တမ်းကောက်ယူခြင်းကို ညောင်ရမ်းခေတ် သာလွန်မင်း(၁၆၂၉–၁၆၄၈)လက်ထက် ၁၆၃၇–၃၈ ခုနှစ်များတွင် စတင်ခဲ့ပါသည်။

**သာလွန်မင်းလက်ထက် စစ်တမ်း**

သာလွန်မင်းသည် ခမည်းတော် ညောင်ရမ်းမင်း လက်ထက်မှစ၍ ကျယ်ပြန့်စွာ ဖွဲ့စည်းလာခဲ့သော အစုအငန်းတို့ကို ရောထွေးယှက်တင် မဖြစ်စေရန် သို့မဟုတ် အစဉ်အလာ ရိုးရာကြီးစိုးအုပ်ချုပ်မှုကို ခိုင်မြဲစေရန် စစ်တမ်းကောက်ယူခဲ့၏။ သာလွန်မင်း၏ ၂၁၊ ဖေဖော်ဝါရီ၊ ၁၆၃၈ ရက်စွဲပါ အမိန့်တော်တွင် 'သက္ကရာဇ် ၉၉၉ ခု တပေါင်းလပြည့်ကျော် ၅ ရက် ကြာသပတေးနေ့ ၁၂ ရာသီပြီးသ စန်းအခါတော်နှင့် ငတက်တူ၊ ငရန်အောင်၊ ငတက်ခေါင်၊ ဒိုင်းမှူး ဝက်လူးစား ရန္တပွ၊ ငါးစင်ရိုင်းစား ရမ္မဒေဝ တို့ကို တာဝါးကြိုးတိုင်းတာ မှတ်သားပေးချေ စစ်ကြောရမည်'ဟူ၍ ဖော်ပြထားရာ အမည်စာရင်းပါ အမှုထမ်းများအား စစ်တမ်းကောက်ယူရန် တာဝန်ပေးအပ်ခြင်းခံခဲ့ရသူများဟု ဆိုနိုင်ပါသည်။

mgyoe.com

mgyoe.com
SAMPLE BOOK


## ကုန်းဘောင်ခေတ် စစ်တမ်း

ကုန်းဘောင်ခေတ်ဦးကာလ မြေဒူးမင်း (ဆင်ဖြူရှင်) (၁၇၆၃–၁၇၇၆) လက်ထက် ၁၇၆၅ ခုနှစ်ဝန်းကျင်တွင် စစ်တမ်းကောက်ယူခဲ့ပြန်ပါသည်။ သို့သော် ဆင်ဖြူရှင်မင်းသည် စစ်တမ်းကောက်ယူရေးလုပ်ငန်းကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် မဆောင်ရွက်နိုင်ခဲ့ပေ။ နယ်စပ်ဒေသ ကူးသန်းရောင်းဝယ်ရေးကိစ္စဖြင့် ပြဿနာတစ်ရပ် ပေါ်ပေါက်ခဲ့ရသောကြောင့် ၂၊ အောက်တိုဘာ၊ ၁၇၆၅ တွင် မြန်မာတပ်များ စစ်ချီတက်ခဲ့ရသောကြောင့် ဖြစ်သည်။

## ဗဒုံမင်း၏ အမိန့်တော်

ဗဒုံမင်းခေါ် ဘိုးတော်ဘုရား (၁၇၈၂–၁၈၁၉) နန်းတက်စဥ်ပင် ပညာရှိ အမတ်အချို့က စစ်တမ်းကောက်ယူသင့်ကြောင်း အကြံပြု လျှောက်တင်ခဲ့ကြသည်။ သရေသင်္ခယာအမတ် ၁၆၊ ဩဂုတ်၊ ၁၇၈၃ တွင် ရေးဖွဲ့ပြီးသည့် သာဓိနပျို့၌ စစ်တမ်းကောက်ယူရန် တိုက်တွန်းထားပါသည်။ သို့ဖြင့် ၁၅၊ နိုဝင်ဘာ၊ ၁၇၈၃ တွင် ဗဒုံမင်းက စစ်တမ်းကောက်ယူရေး အမိန့်တော်ကို ထုတ်ပြန်ခဲ့သည်။

ယင်းအမိန့်တော်တွင် 'သက္ကရာဇ် ၁၁၄၅ ခု နတ်တော်လဆန်း ၈ ရက်နေ့ ၂ နေ့ နံနက် ၄ ချက်တီးကျော် တစ်နာရီ ၃ပါဒ် ၁၀ ဗီဇနာ ၂ ပြန် ၄ ခရာပြည့်တွင် စာရင်းတော် စ၍စစ်သိမ်းရမည့် အခါတော်ရကြောင်းနှင့် ပညာရှိတစ်စုတို့က စာဆက်သွင်းသည့်အတိုင်း တိုင်သူရင်း အစုအငန်း ဖွဲ့ဘက်ရန် စစ်သိမ်းသည့် စာရင်းကို စ၍စစ်သိမ်းစေ ထုတ်ပြန်တော်မူသည့် အမိန့်တော်အတိုင်း မတည် နေ့လ မရှည်တန် ရှည်ကြာ၍ ဆင်းရဲသားကျွန်တော်မျိုးတို့ မပင်မပန်းတန် ပင်ပန်းရသည်။ တံစိုးပဏ္ဏာ စားယူကြသည် ကြားတော်မူရလျှင် နှစ်ခွန်းချေရမည် မမှတ်နှင့်' ဟူ၍ စစ်တမ်းများအား သတ်မှတ်ချိန်အမီ အပြီးသိမ်းဆည်းနိုင်ရန်နှင့် တံစိုးလက်ဆောင် မယူကြရန် ကြပ်တည်းစာ အမိန့်ထုတ်ပြန်ခဲ့သည်။

mgyoe.com

mgyoe.com SAMPLE BOOK


**ဗဒုံမင်းလက်ထက် စစ်တမ်း**

အမိန့်တော်အရ ၂၊ ဒီဇင်ဘာ ၁၇၈၃ တွင် မြန်မာတစ်ပြည်လုံး အတိုင်းအတာဖြင့် စစ်တမ်း စတင်ကောက်ယူခဲ့သည်။ ယင်းနေ့၌ပင် တလုတ်မြို့ စီရင်စု ရှားတောရွာစစ်တမ်းကို သူရိန်ကျော်စွာက ဆက်သွင်းခဲ့ကြောင်း တွေ့ရှိရ၏။

ဗဒုံမင်းသည် ၁၈၀၂ ခုနှစ်တွင် စစ်တမ်း ထပ်မံ ကောက်ယူခဲ့ပြန်ပါသည်။ သို့သော် စစ်တမ်းအများစုမှာ သာသနာ့မြေနှင့် အုပ်ချုပ်သူ မျိုးရိုးဆက်ခံမှု သိရှိနိုင်ရေးကိုသာ အလေးထားခဲ့ရာ တစ်နိုင်ငံလုံး၏ လူဦးရေနှင့် စီးပွားရေးဆိုင်ရာ ကိန်းဂဏာန်းများကို ဖော်ပြနိုင်ခဲ့ခြင်း မရှိပေ။

**ပထမဆုံး သန်းခေါင်စာရင်း**

အင်္ဂလိပ်–မြန်မာ ဒုတိယစစ်ပွဲအပြီး ၁၈၅၂ ခုနှစ်တွင် အောက်မြန်မာပြည်တစ်ဝန်း ဗြိတိသျှလက်အောက်သို့ ကျရောက်ခဲ့သည်။ ထို့နောက် ၁၅၊ ဩဂုတ်၊ ၁၈၇၂ ညသန်းခေါင်အချိန်တွင် ပထမဆုံး လူဦးရေစာရင်းကို စနစ်တကျ စတင်ကောက်ခံခဲ့သည်။ မူလက ၁၈၇၁ ခုနှစ်တွင် အိန္ဒိယနှင့် တစ်ပြိုင်နက် သန်းခေါင်စာရင်းကောက်ယူရန် စီစဉ်ခဲ့သော်လည်း အဆင်သင့်မဖြစ်၍ ဗြိတိသျှ မြန်မာပြည်အား အချိန်ရွှေ့ဆိုင်းခဲ့ရခြင်း ဖြစ်သည်။ ညသန်းခေါင်ယံအချိန်တွင် စတင်ကောက်ယူခဲ့သဖြင့်လည်း သန်းခေါင်စာရင်းဟု အမည်တွင်ခဲ့ခြင်း ဖြစ်ပါသည်။

**ဆယ်နှစ်တစ်ကြိမ် သန်းခေါင်စာရင်း**

ဗြိတိသျှအစိုးရသည် ၁၈၈၁ ခုနှစ်တွင် အောက်မြန်မာပြည်၌ သန်းခေါင်စာရင်း ထပ်မံကောက်ယူခဲ့ပါသည်။ယင်းနောက် ၁၈၉၁ ခုနှစ်တွင် နောက်တစ်ကြိမ် ထပ်မံကောက်ယူခဲ့ပြန်ပါသည်။ ၁၈၈၆ ခုနှစ်တွင် မြန်မာတစ်ပြည်လုံးကို သိမ်းပိုက်လိုက်ပြီးဖြစ်သဖြင့် ၁၈၉၁ ခုနှစ် သန်းခေါင်စာရင်းမှာ တစ်ပြည်လုံး အတိုင်းအတာဖြင့် ကောက်ယူခဲ့ခြင်းဖြစ်ပါသည်။ ယင်းနောက်ပိုင်း ၁၀ နှစ် တစ်ကြိမ် ကောက်ခံခဲ့ရာ ၁၉၀၁၊ ၁၉၁၁၊ ၁၉၂၁၊ ၁၉၃၁၊ ၁၉၄၁ ခုနှစ် စသည်ဖြင့် ဖြစ်ပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK



## ၁၉၄၁ ခုနှစ် သန်းခေါင်စာရင်း

ဗြိတိသျှအစိုးရသည် ၁၉၄၁ ခုနှစ်တွင် သန်းခေါင်စာရင်း ကောက်ယူခဲ့သော်လည်း ယင်းသန်းခေါင်စာရင်းမှာ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားလာမှုကြောင့် ယာယီစာရင်းများသာ ကောက်ယူနိုင်ခဲ့ကြသည်။ များမကြာမီ ဂျပန်တပ်များ ဝင်ရောက်လာမှုကြောင့် ဗြိတိသျှအစိုးရမှာ မြန်မာပြည်တွင်းမှ ထွက်ခွာသွားခဲ့ရသည်။ သန်းခေါင်စာရင်း မှတ်တမ်းများမှာလည်း စစ်အတွင်း ပျက်စီးသွားခဲ့၏။

## လွတ်လပ်ရေးရပြီးကာလ ပြင်ဆင်မှု

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိခဲ့ပြီးနောက် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် တိုင်းပြည်၏ လူဦးရေစာရင်း တိကျစွာရရှိရေးသည်လည်း အရေးပါလှပေရာ ၁၉၅၁ ခုနှစ်ကပင် သန်းခေါင်စာရင်းမင်းကြီး ဦးကျော်ခိုင် ခေါင်းဆောင်လျက် စာရင်းကောက်ယူနိုင်ရန် ကြိုတင်ပြင်ဆင်ခဲ့ကြသည်။ ယင်းသန်းခေါင်စာရင်းကောက်ယူရန် ပုံစံတွင် ဘာသာစကား၊ စစ်မဖြစ်မီ နေရပ်နှင့် စစ်ပြီး နေရပ်၊ နေထိုင်ရာ အိမ်အရွယ်ပုံစံ၊


သန်းကောင်စာရင်းကောက်မည်
ဆိုင်ရာသူကြီးများမှတဆင့် ကောက်ယူရန်တာဝန်ပေးထား
ဆေးကုသခွင့်

သတင်းစာပါ သန်းခေါင်စာရင်း ကောက်ယူမည့်သတင်း။

mgyoe.com

mgyoe.com SAMPLE BOOK



ရေရရှိရေး၊ ဝင်ငွေ၊ အလုပ်အကိုင်၊ အကြွေး၊ ပေးရသည့် အတိုးငွေ၊ ပစ္စည်း အပေါင်အနှံ့ စသည့် ခေါင်းစဉ်အချက်အလက်များ ပါရှိပါသည်။

### ၁၉၅၃ ခုနှစ် သန်းခေါင်စာရင်း

၁၉၅၃ ခုနှစ် သန်းခေါင်စာရင်းကို ဖေဖော်ဝါရီလ ၂ ရက်နေ့မှ ၁၄ ရက်နေ့အထိ ရန်ကုန်မြို့နှင့် မြို့ပေါင်း ၂၅၅ မြို့တွင် ခေတ်အမီဆုံးနည်းဖြင့် ကောက်ယူခဲ့သည် ဆိုပါသည်။ ယင်းစာရင်းမှာ လူပြည့်ကောက် လူဦးရေ စာရင်းဖြစ်ပြီး အိမ်ရာအတည်တကျမရှိသူများ စာရင်းကို ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် ကောက်ယူခဲ့ကြသည် ဆို၏။

၁၉၅၃ ခုနှစ်အတွက် မြန်မာနိုင်ငံ လူဦးရေစာရင်းကို မြန်မာပြည် သန်းခေါင်စာရင်း မင်းကြီးရုံးမှ ၁၉၅၄ ခုနှစ် နှစ်ဦးပိုင်းတွင် ထုတ်ပြန်ကြေညာခဲ့သည်။ ခေတ်အမီဆုံးစနစ်ဖြင့် ကောက်ယူခဲ့သည် ဆိုသော်လည်း တိုင်းပြည် လုံခြုံရေး ပျက်ပြားနေမှုကြောင့် တစ်နိုင်ငံလုံး ခြုံငုံမကောက်ယူနိုင်ခဲ့ဘဲ အပိုင်း လိုက် ကောက်ယူခြင်းစနစ်ကိုသာ ကျင့်သုံးနိုင်ခဲ့သည်။

### ရန်ကုန်မြို့လူဦးရေ

၁၉၅၃ ခုနှစ် ရန်ကုန်မြို့ လူဦးရေစာရင်းကို (၈၊ ၄၊ ၁၉၅၄) တွင် ထုတ်ပြန်ကြေညာခဲ့သည်။ ယင်းစာရင်းအရ ရန်ကုန်မြို့တွင် လူဦးရေ ၇၃၇,၀၇၉ ဦး နေထိုင်ပြီး ကျား ၃၉၃,၄၅၃၊ မ ၃၄၃,၆၂၆ ဦး ဖြစ်ကြောင်း သိရှိရပါသည်။ ၁၉၃၁ ခုနှစ်က ရန်ကုန်တွင် ၄၀၀,၄၁၅ ဦး၊ ၁၉၄၁ ခုနှစ် တွင် ၅၀၀,၈၀၀ ဦးရှိခဲ့ရာ ၁၂ နှစ်အကြာ ကာလအတွင်း လူဦးရေ အတော် အတန် တိုးတက်လာခဲ့သည်။

ရန်ကုန်လူဦးရေ ၇၃၇,၀၃၉ ဦးတွင် မြန်မာ ၄၆၁,၈၀၁ ဦး၊ ကရင် ၁၉,၀၄၉ ဦး၊ ရှမ်း ၁၆၄၆ ဦး၊ ချင်း ၃၆၉ ဦး၊ ကချင် ၇၉ ဦး၊ ကယား ၅၅ ဦး၊ အခြားအမျိုးသားဦးရေ ၄၉,၆၂၇ ဦး ပါရှိပါသည်။ အသက်အရွယ်အရ ခွဲခြားဖော်ပြရာတွင်လည်း ၁ နှစ် ၂၈,၂၀၇ ဦး၊ ၂–၅ နှစ် ၇၅,၃၆၈ ဦး၊ ၆– ၁၀ နှစ် ၆၈၁၂၄ ဦး၊ ၁၁–၁၅ နှစ် ၆၂,၈၃၆ ဦး၊ ၁၆–၂၀ နှစ် ၈၄,၂၅၁ ဦး၊ ၂၁–၂၅ နှစ် ၇၉,၂၀၈ ဦး၊ ၂၆–၃၁ နှစ် ၁၉၆၀ ဦး၊ ၃၁–၃၅ နှစ် ၆၂,၆၂၂

mgyoe.com

mgyoe.com
SAMPLE BOOK


ဦး၊ ၃၆–၄၀ နှစ် ၅၇,၆၉၅ ဦး၊ ၄၁–၄၅ နှစ် ၃၈,၈၆၈ ဦး၊ ၄၆–၅၀ နှစ် ၃၄,၂၈၁ ဦး၊ ၅၁–၅၅ နှစ် ၂၁,၆၈၁ ဦး၊ ၅၆–၆၀ နှစ် ၁၈,၁၀၄ ဦး၊ ၆၁–၇၀ နှစ် ၁၆,၉၈၆ ဦး၊ ၇၁–၈၀ နှစ် ၅၆၀၂ ဦး၊ ၈၁–၉၀ နှစ် ၁၁၀၈ ဦး၊ ၉၁ နှစ် အထက် ၁၆၈ ဦး ဖြစ်ပါသည်။

## ၁၉၇၃ ခုနှစ် သန်းခေါင်စာရင်း

လမ်းစဉ်ပါတီခေတ် ၂၈၊ ဧပြီ၊ ၁၉၇၂ တွင် တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးနေဝင်းက ပြည်ထောင်စုမြန်မာနိုင်ငံ သန်းခေါင်စာရင်း ဥပဒေကို ပြဋ္ဌာန်းကာ ၁၉၇၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၅ ရက်နေ့အထိ မြန်မာတစ်ပြည်လုံး အတိုင်းအတာဖြင့် သန်းခေါင်စာရင်း ကောက်ယူခဲ့ပါသည်။ တော်လှန်ရေးကောင်စီက ၁၉၇၃ ခုနှစ်ကို သန်းခေါင်စာရင်းနှစ် ဟူ၍လည်း သတ်မှတ်ခဲ့သည်။

ထိုစဉ်က သန်းခေါင်စာရင်း ကောက်ယူရာတွင် လူဦးရေဆိုင်ရာ စာရင်း၊ အိုးအိမ်ဆိုင်ရာစာရင်း၊ စိုက်ပျိုးရေးဆိုင်ရာစာရင်း၊ စက်မှုလက်မှု



၁၉၇၃ ခုနှစ် သန်းခေါင်စာရင်း ကောက်ယူနေစဉ်။

mgyoe.com

mgyoe.com SAMPLE BOOK


ဆိုင်ရာ စာရင်းနှင့် စီးပွားကုန်သွယ်ရေးဆိုင်ရာ စာရင်းများကိုလည်း တစ် ပြိုင် တည်း ကောက် ယူ ခဲ့ကြောင်း ဆိုပါသည်။




၁၉၇၃ ခုနှစ် သန်းခေါင်စာရင်းအထိမ်းအမှတ် တံဆိပ်ခေါင်း

**၁၉၈၃ မှ**
**၂၀၁၄ သန်းခေါင်စာရင်းသို့**

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်ခေတ် ၁၊ ဧပြီ၊ ၁၉၈၃ တွင် မြန်မာနိုင်ငံတစ်ဝန်း သန်းခေါင်စာရင်းများ ကောက်ယူခဲ့သည်။ ထို့နောက် အနှစ် ၃၀ အကြာ၊ ၂၀၁၄ ခုနှစ်တွင် သန်းခေါင်စာရင်း ထပ်မံ ကောက်ယူခဲ့သည်။ သန်းခေါင်စာရင်း ကောက်ယူခြင်း၏ အဓိကရည်ရွယ်ချက်မှာ လူမှုရေး၊ စီးပွားရေးနှင့် အုပ်ချုပ်ရေး စီမံကိန်းများ ရေးဆွဲရာတွင် အခြေပြုကြရမည့် စာရင်းအင်းများ ရရှိရေးအတွက်ဟု ဆိုနိုင်ပါသည်။

**ကျမ်းကိုး**

၁။ ကုန်းဘောင်ရွှေပြည် (ဒေါက်တာတိုးလှ)။
၂။ ဗမာ့ခေတ် သတင်းစာ (၉-၄-၅၄) ပါ သန်းခေါင်စာရင်းမှတ်တမ်း။
၃။ မြန်မာ့စွယ်စုံကျမ်း အနှစ်ချုပ် ၁၉၇၉။

mgyoe.com

mgyoe.com SAMPLE BOOK



# ဂျွန်ဆရာစံနှင့် သတင်းလောက

၁၉၃၀ ပြည့်နှစ်၊ ဒီဇင်ဘာလတွင် ဖြစ်ပွားခဲ့သော ဂျွန်ဆရာစံ ဦးဆောင်သည့် တောင်သူလယ်သမား အရေးတော်ပုံသည် နယ်ချဲ့အင်္ဂလိပ်တို့၏ အပြင်းအထန် နှိမ်နင်းမှုကြောင့် ရှုံးနိမ့်ခဲ့ရပြီး အရေးတော်ပုံအား ဦးဆောင်ခဲ့သူ ဂျွန်ဆရာစံမှာလည်း ဖမ်းဆီးခြင် ခံခဲ့ရသည်။ ဂျွန်ဆရာစံနှင့် ထိုခေတ်ကာလ သတင်းလောကအကြောင်းကို အောက်ပါအတိုင်း စိတ်ဝင်စားဖွယ် တွေ့ရှိရပါသည်။

**အေပီသတင်းဌာနမှ ထုတ်ပြန်ချက်**

အေပီသတင်းဌာန (Associated Press, AP) ၏ (၁၀-၇-၁၉၃၁) ရက်စွဲပါ သတင်းထုတ်ပြန်ချက်တွင် 'ရန်ကုန်-ပြည် မီးရထားလမ်းပေါ်တွင် တည်ရှိသော သာယာဝတီမြို့၏ အရှေ့တောင်ဘက်တွင်ရှိသည့် ကျေးရွာများတွင် (၂၂-၁၂-၁၉၃၀) ညတွင် ပထမဆုံး ပုန်ကန်ပေါက်ကွဲမှု ဖြစ်ခဲ့ပါသည်။ သူပုန်ထမှုတွင် အမှန်တကယ်ခေါင်းဆောင်သူမှာ ဆရာစံ ဖြစ်ပါသည်။ ၎င်းမှာ မြန်မာမင်းများတပ်ဖွဲ့တွင် စစ်သားအများအပြား စုဆောင်းရရှိရာ၊ မင်းလောင်းများပေါ်ထွက်ရာ၊ သူပုန်ခေါင်းဆောင်များ ပေါက်ဖွားရာ

mgyoe.com

mgyoe.com SAMPLE BOOK





တောင်သူလယ်သမား အရေးတော်ပုံကို ဦးဆောင်ခဲ့သူ ဂဠုန်ဆရာစံ

ရှေ့ဘိုခရိုင်ဇာတိဖြစ်ပြီး ဆရာစံက ၁၉၂၈ ခုနှစ်မှစ၍ သူပုန်ထရန် ရည်ရွယ်ချက်ရှိခဲ့သည်ဟု သဘောရရှိသော်လည်း ၁၉၃၀ ပြည့်နှစ်ကျမှ ၎င်းက သာယာဝတီတွင် အခြေချနေထိုင်ခဲ့သည်’ စသည်ဖြင့် ရေးသားဖော်ပြထားပါသည်။

အစိုးရ၏ သဘောထားကိုလည်း အေပီသတင်းက ‘သဿမေဓခွန်ကောက်ခံခြင်းကို မုန်းတီးခြင်းအပေါ် ဆရာစံက အမြတ်ထုတ်ခဲ့ခြင်း ဖြစ်သော်လည်း သူပုန်ထကြွခြင်းသည် အစိုးရကိုဖြုတ်ချရန် တိတိကျကျ ရည်ရွယ် လုပ်ဆောင်ခြင်းဖြစ်ပြီး နိုင်ငံရေးအခြေခံကြောင်း အစိုးရက သတ်မှတ်ပါသည်’ ဟူ၍ ဖော်ပြခဲ့သည်။

mgyoe.com

mgyoe.com SAMPLE BOOK



**သတင်းထောက်များ**

ဂဠုန်ဆရာစံ တောင်သူလယ်သမား အရေးတော်ပုံဖြစ်ပွားစဉ် ရန်ကုန်မြို့မှ သတင်းထောက်အချို့ သာယာဝတီသို့ နေ့စဉ်သွားရောက် သတင်းယူခဲ့ကြရသည်။ ထိုအထဲတွင် ထင်ရှားသော သတင်းထောက်အချို့မှာ ဦးပုကလေး၊ ဦးစိန်၊ မစ္စတာဂျက်တာဂျီတို့ ဖြစ်ကြသည်။ သာယာဝတီတွင် သတင်းများကို လိုက်လံစုံစမ်းကြရပြီး နေ့လယ်၌ ရာဇဝတ်မင်းကြီး ဝဲလ်ဘုန်းထံမှ သတင်းယူရ၏။ ဝဲလ်ဘုန်းက သတင်းများကို အင်္ဂလိပ်လို ပြောပြရာ သတင်းထောက်များက လိုက်လံမှတ်သားကြရသည်။ ဤတွင် သူရိယသတင်းထောက် ဦးပုကလေးမှာ အင်္ဂလိပ်စကား မတတ်သော်လည်း အကင်းပါးသူဖြစ်သဖြင့် ရိပ်ဖမ်းသံဖမ်း နားလည်သလောက် နားလည်၏။

**သတင်းစာမှ သတင်း**

တစ်နေ့တွင် တောင်သူလယ်သမားများ တစ်ပွဲတိုး ကွမ်းယာမန်းစားလျက် တစ်ရှိန်ထိုး တက်လာကြရာ စစ်ပုလိပ်များ ပစ်ခတ်သော်လည်း သေနတ်ထိမှန်ခြင်း မရှိခဲ့ကြပေ။ သို့ဖြင့် ရှုပ်ရှုပ်ချွံချွံ တိုက်ခိုက်ကြရာ စစ်ပုလိပ်တပ်ခွဲ တစ်ခုလုံးနီးပါး ပြုတ်သွားပြီး သေနတ်များပင် မယူနိုင်တော့ဘဲ ထွက်ပြေးကြရသည်။ ရာဇဝတ်မင်းကြီး ဝဲလ်ဘုန်းက ထိုအကြောင်းကို သတင်းထောက်များအား ပြောပြကာ ထည့်မရေးဖို့ ဆိုသည်။ ဦးပုကလေးက တောင်သူလယ်သမားများ စက်သေနတ်ပင် ပြီးသည့်အကြောင်း ထည့်ရေးသည်။ သို့ဖြင့် အာမခံငွေတစ်သောင်း တင်လိုက်ရသည်။

ထိုအတောအတွင်း၌ပင် ပြည်ခရိုင် ရာဇဝတ်ဝန် ဖေဖီးယားက တိုက်ပွဲတွင် ကျသွားသော တောင်သူလယ်သမား ၁၆ ဦး ဦးခေါင်းများ ဖြတ်ကာ သူ့ရုံးရှေ့ စားပွဲထက်တွင် လူအများမြင်အောင် ပြသထားပုံကို ဦးပုကလေးက ဦးကံကြီးအား ဓာတ်ပုံရိုက်စေပြီး အင်္ဂလိပ်တို့၏ ရက်စက်ပုံအကြောင်းဆိုကာ သတင်းစာထဲ ထည့်ဖြစ်အောင် ထပ်ထည့်သည်။

**ရိုက်တာ သတင်းထောက်၏ ပြောပြချက်**

တောင်သူလယ်သမား အရေးတော်ပုံကာလအတွင်း ရိုက်တာ ကြေး

mgyoe.com

mgyoe.com SAMPLE BOOK


နန်း သတင်းထောက် မစ္စတာချက်တာဂျီ (မြန်မာအခေါ် ချက်ကြီး) သည် သာယာဝတီသို့ နေ့စဉ်သွားရောက် သတင်းယူခဲ့ရသည်။ နောက်ပိုင်း လမ်းပန်း ဆက်သွယ်ရေး မကောင်းတော့သဖြင့် ထိုဋ္ဌ သွားရောက်နေထိုင်ခဲ့ရသည်။ မစ္စတာချက်တာဂျီက ဗြိတိသျှတို့ သတ္တိနည်းပုံကို ပြောပြရာတွင် မြို့ထဲသို့ သူပုန်များလာတိုက်မည် သတင်းကြားသည်နှင့် သူပုန်နှိမ်နင်းရေးမင်းကြီးရော ပုလိပ်အရာရှိများပါ အိန္ဒိယစစ်တပ် စခန်းချရာနေရာသို့ ပြောင်းရွှေ့သွားကြတော့ကြောင်း ဆိုပါသည်။ သတင်းထောက်နှစ်ဦးသာ ဗိုလ်တဲတွင် ကျန်ရစ်ခဲ့သည်ဆို၏။

ထို့နောက် မစ္စတာချက်တာဂျီက 'ဆရာစံနေတဲ့ အလံတောင်ထိပ်က သူပုန်စခန်းကို စစ်တပ်ကတိုက်တော့ အဲဒီမှာ တိုင်ကပ်နာရီမျိုးစုံ၊ ကော်ဇောတွေ၊ ငွေဖလားတွေ အများကြီးတွေ့တယ်တဲ့။ ဒါပေမဲ့ စစ်သားတွေက စခန်းတစ်ခုလုံးကို မီးရှို့ပြီး မြန်မြန်ပြန်လာကြတာဆိုတော့ အားလုံး ပြာဖြစ်ကုန်တာပဲ။ သူပုန်အလံတစ်ခုပဲ သူတို့နဲ့ပါလာတယ်' ဟု ပြောပြခဲ့သည်။

**ဆရာစံကို ဖမ်းမိခြင်း**

ဂဠုန်ဆရာစံသည် ဖားရွှေကျော်တိုက်ပွဲနောက်ပိုင်း ရှမ်းပြည်နယ်ဘက်သို့ တိမ်းရှောင်ခဲ့ရပြီးနောက် ၂၊ ဩဂုတ်၊ ၁၉၃၁ တွင် လမ်းပြ ဦးဖိုးကာ၏ သစ္စာဖောက်မှုကြောင့် ဖမ်းဆီးခြင်းခံခဲ့ရသည်။ ဆရာစံအား နောင်ချိုအချုပ်ထောင်သို့ ပို့ထားခဲ့သည်။ ဆရာစံအား ဖမ်းဆီးရမိသည့် သတင်းကို (၄–၈–၁၉၃၁) ရက်စွဲပါ သူရိယသတင်းစာတွင် သတင်းဖော်ပြခဲ့သည်။

**ရတနာသီဟ သတင်းစာမှ တွေ့ဆုံမှု**

ဆရာစံကို နောင်ချိုမှတစ်ဆင့် ဩဂုတ်လ ၄ ရက်နေ့တွင် သီပေါအချုပ်ထောင်သို့ အစောင့်အရှောက်နှင့် ပေးပို့ခဲ့သည်။ ထိုစဉ် သီပေါမြို့တွင် ငါးရက်တစ်ကြိမ်ကျ ထုတ်ဝေနေသော ရတနာသီဟ သတင်းစာမှ အုပ်ချုပ်မှုအယ်ဒီတာ ဆရာမြင့်က သီပေါစော်ဘွားမှတစ်ဆင့် ခွင့်ပန်ကာ ဆရာစံအား ဝင်ရောက်တွေ့ဆုံဖြစ်ခဲ့သည်။

ယင်းသို့ တွေ့ဆုံစဉ် ဆရာစံက မိမိသည် မတရားသဖြင့် အခွန်

mgyoe.com

mgyoe.com
SAMPLE BOOK


အတုတ်များ ကောက်ခံပြီး တိုင်းသူပြည်သားများအား ဖိနှိပ်ချုပ်ချယ်နေသော အင်္ဂလိပ်အစိုးရကို မြန်မာပြည်မှတိုက်ထုတ်ရန် ဂဠုန်တပ်ဖွဲ့များကို ဖွဲ့စည်းခြင်းဖြစ်ကြောင်း၊ သတ်မှတ်ထားသောအချိန်တွင် မြန်မာတစ်ပြည်လုံး အမြို့မြို့ အနယ်နယ်မှ တစ်ချိန်တည်း ထကြွတော်လှန် ပုန်ကန်ကြရန် အစီအစဉ်များ ပြုလုပ်ခဲ့ကြောင်း၊ သို့သော် လက်အောက်ငယ်သားများက အချိန်မရောက်မီ ထကြွပုန်ကန်ခဲ့သည့်ပြင် အချို့နေရာများတွင် မတရား ခိုးယူလုယက် ဓားပြတိုက်မှုနှင့် အမျိုးသမီးများကိုပါ ဖျက်ဆီးကြသည့်အတွက် ပြည်သူလူထုက မေတ္တာပျက်၍ သစ္စာဖောက်ဖျက်သူများ၏ ဒဏ်ကို မိမိခံရမည်ဖြစ်ကြောင်း စသည်ဖြင့် ပြောကြားခဲ့သည်။



ဆရာစံအား ဖမ်းဆီးရမိကြောင်း သူရိယသတင်းစာပါ သတင်း။

mgyoe.com